# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၂၇)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ ၂၇-၁၀-၂၀၂၄၊ တနင်္ဂနွေနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း တတိယအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမစွမ်းအင်ဝန်ကြီးများ ကွန်ဖရင့် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၆**




တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်ပြည်နယ် ချင်းတောင်မြို့၌ အောက်တိုဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် တတိယ အကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်း မစွမ်းအင်ဝန်ကြီးများ ကွန်ဖရင့် သို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ကွန် ဖရင့်၏ ပထမနေ့ နံနက်ပိုင်းအစီ အစဉ်ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့် အမှာစကား ပြောကြားခဲ့သည်။

ထိုသို့ ပြောကြားရာတွင် Belt and Road Energy Partnership (BREP) စတင်ခဲ့သည့် လွန်ခဲ့သော ငါးနှစ်အတွင်း BREP အဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများ၏ အာရုံစိုက်မှုနှင့် အလေးထားမှုများ ပိုမိုရရှိလာကာ စွမ်းအင်ပူးပေါင်း ဆောင်ရွက်မှုပလက်ဖောင်းတစ်ခု သို့ ရောက်ရှိနေသည်မှာ သိသာ ထင်ရှားကြောင်း၊ မြန်မာနိုင်ငံအနေ ဖြင့် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ် ဓာတ်အားအပြည့် အဝရရှိရန် ကြိုးစားနေသကဲ့သို့ နိုင်ငံတကာ စွမ်းအင်အခင်းအကျင်း၏ တိုး တက်မှုနှင့် ဆန်းသစ်တီထွင်မှုများ ကို မျှဝေခံစားနိုင်ရန် Belt and Road Initiative အောက်တွင် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုများ ကို အလေးပေးဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "Belt and Road Green Energy Cooperation Action Plan (2024-2029)" ကို အကောင်အထည်ဖော်ရာတွင် BREP အဖွဲ့ဝင်များနှင့်အတူ တက် ကြွစွာပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း ပြောကြားခဲ့ သည်။

ညနေပိုင်းတွင် ပြည်ထောင် စုဝန်ကြီး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် တရုတ် အမျိုးသားစွမ်းအင်အုပ်ချုပ်ရေးအဖွဲ့ (National Energy Administration-NEA)၏ ဥက္ကဋ္ဌ Mr. Zhang Jianhua နှင့် တာဝန်ရှိ သူများအား တွေ့ဆုံ၍ တရုတ်-မြန်မာ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု များ၊ ရှေ့ဆက်ဆောင်ရွက်ရန်များ ကို ဆွေးနွေးကြသည်။

ကွန်ဖရင့်၏ ဒုတိယနေ့၌ ကျင်းပခဲ့သည့် Smart Energy Sub Forum ဖွင့်ပွဲအခမ်းအနား တွင် မြန်မာနိုင်ငံအနေဖြင့်လည်း United Nations Framework Convention on Climate Change (UNFCCC) ၏ ဆုံး ဖြတ်ချက်နှင့် ပါရီသဘောတူညီ ချက်တို့နှင့်အညီ မြန်မာနိုင်ငံအမျိုး သားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ရှိစေရေးဆိုင်ရာ အကောင်အထည် ဖော်ဆောင်ရွက်မည့်အစီအစဉ် (Nationally Determined Contribution-NDC)ကို ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့ ကြောင်း၊ မြန်မာနိုင်ငံတွင် ပြန် ပြည့်မြဲစွမ်းအင်အရင်းအမြစ်ဖြင့် ဓာတ်အားထုတ်လုပ်ဆဲ(သို့မဟုတ်) စီမံကိန်းအသစ်များတွင် Green Growth Models နှင့် ESS တို့ အသုံးပြုတည်ဆောက်နိုင်မည့် အခွင့်အလမ်းများစွာရှိနေသည့် အတွက် အစိမ်းရောင်စွမ်းအင် သုံးစွဲသည့် မြန်မာနိုင်ငံ (Myanmar Green)ဖြစ်စေရေး ဆောင် ရွက်ခြင်းမှတစ်ဆင့် အစိမ်းရောင် စွမ်းအင်သုံးစွဲသော အာရှ(Asia Green)ဖြစ်စေနိုင်မည်ဖြစ်သည့် အတွက် မိတ်ဖက်အဖွဲ့အစည်းများ အား လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း ရှင်းလင်း ဆွေးနွေးသည်။

ထို့ပြင် ယူနန်ပြည်နယ်ရှိ ၈၀၀ ကေဗွီ DC Converter ဓာတ်အားခွဲရုံ၊ ချင်းတောင်မြို့ရှိ Huadin Qingdao Gas Turbine Engineering Project နှင့် TELD EV Charging Network Center တို့သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ကြပြီး ယနေ့ မွန်းလွဲ ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ စလ**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ တနင်္ဂနွေနေ့။

# အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားများအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရန်နှင့် ပညာရေးအခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ယူမှုအခွင့်အလမ်းများရရှိပြီး သင့်တော်ကောင်းမွန်သော အလုပ်အကိုင်များရရှိစေနိုင်ရန် အမျိုးသားအဆင့်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည့် TVET အစီအစဉ်များနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး၊ ဒေသအလိုက် ပညာရှင်များစုဖွဲ့၍ အစီအမံများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် MSME များအတွက် ကျွမ်းကျင်လုပ်သားလိုအပ်မှု နည်းပညာလိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး အလေးထားဆောင်ရွက်နိုင်ရန် လမ်းညွှန်မှာကြားထားရှိကြောင်း၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ပြီး လုပ်သားဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)တွင် ဂဟေဆက်သင်တန်းအမှတ်စဉ်(၄/၂၀၂၄)နှင့် လေအေးပေးစက်တပ်ဆင်/ပြုပြင်ခြင်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄) သင်တန်းဖွင့်ပွဲ၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီသည် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃) ပထမ ငါးနှစ် စီမံချက်ကာလအတွင်းတွင် လူငယ်များအတွက် ကျွမ်းကျင်မှုသင်တန်း (၃၀)ကြိမ်ကို သင်တန်းသား(၇၇၆)ဦးဖြင့် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုသင်တန်းတွင် ပါဝင်တက်ရောက်ကြမည့် သင်တန်းသားလူငယ်များအနေဖြင့် လုပ်ငန်းဆိုင်ရာ စာတွေ့အသိပညာ ဗဟုသုတများနှင့် လက်တွေ့ကျွမ်းကျင်မှုများကို စနစ်တကျလေ့လာဆောင်ရွက်ကြရန်နှင့် သင်တန်းပြီးမြောက်ချိန်တွင် လက်တွေ့လုပ်ငန်းခွင်များ၌ ပြန်လည်အသုံးချလုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးလျက်ရှိပြီး ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှုလျော့နည်းပပျောက်စေရေး၊ တည်ဆဲအလုပ်သမားရေးရာဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊ သင်တန်းသူများ ကြံ့ခိုင်စွမ်းရည်စစ်ဆေး

**မန္တလေး အောက်တိုဘာ ၂၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းကို ယနေ့ နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင်ပြုလုပ်သည်။ သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက် ရှိသင့်သည့် ကြံ့ခိုင်စွမ်းရည်များ ပြည့်ဝစေရေးအတွက် နည်းစနစ်မှုများက စစ်ဆေးကြရာ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်နိုင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် နည်းပြများက ကြည့်ရှုကြသည်။ **(အပေါ်ယာပုံ)**



အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ မြန်မာ့လက်ရွေးစင် (၁၁၀၃)ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေ ၃၄ ခု၊ ငွေ ၄၇ ခု၊ ကြေး ၈၀ ခု၊ စုစုပေါင်း ဆုတံဆိပ် ၁၆၀ ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။ (၀၄၅)


## လာမည့် ကြံရာသီတွင် စက်ရုံများမှ ဝယ်ယူမည့် ကြံတစ်တန်ဈေးကို စိုက်ပျိုးရေးဦးစီးဌာနက ညှိနှိုင်းပေးမည်ဟု ဆို

**မန္တလေး အောက်တိုဘာ ၂၆**

လာမည့် ကြံရာသီတွင် ကြံတစ်တန်ဈေးနှင့် ပတ်သက်၍ ကြံစိုက်တောင်သူများမှ ရောင်းချလိုသောဈေးနှင့် စက်ရုံများမှ ဝယ်ယူမည့် ဈေးနှုန်းကို စိုက်ပျိုးရေးဦးစီးဌာနမှ ညှိနှိုင်းပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြံနှင့်သကြားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူက ပြောသည်။

ပြီးခဲ့သည့် ကြံရာသီတွင် စက်ရုံရှိရာ ဒေသအလိုက် ကြံတစ်တန်လျှင် ငွေကျပ် ၁၂၀၀၀၀ ဝန်းကျင်ဖြင့် စက်ရုံများမှ ဝယ်ယူခဲ့သော်လည်း စိုက်ပျိုးတောင်သူများက ယခုနှစ် ကြံရာသီတွင် ငွေကျပ် ၂၀၀၀၀၀ ခန့်ဖြင့် ရောင်းချလိုကြောင်း ညှိနှိုင်းခဲ့သည်ဟု ဆိုသည်။

"ပြီးခဲ့တဲ့ နှစ်ပတ်လောက်က သကြားစက်တွေနဲ့ ကျွန်တော်တို့ တောင်သူတွေ ကြံတစ်တန်ဝယ်ဈေး ညှိနှိုင်းခဲ့ကြတယ်။ သူတို့ ဝယ်ဈေးက တောင်သူတွေအတွက် နေ့တွက်သာသာပဲရတော့ ဒီနှစ် ကြံရာသီမှာ ၂၀၀၀၀၀ လောက်နဲ့ ဝယ်ပေးဖို့ တောင်းဆိုပေမယ့် အဆင်မပြေခဲ့ဘူး။ အရင်နှစ်ဈေးလောက်ပဲ ပေးချင်တဲ့သဘောရှိတယ်"ဟု တကောင်းမှ ကြံစိုက်တောင်သူ ဦးတင်က ပြောသည်။



လာမည့် ကြံရာသီအတွက် ကြံဝယ်ယူမည့် ဈေးနှုန်းမထွက်ရှိသေးဘဲ သကြားစက်များနှင့် ညှိနှိုင်းပြီးမှ ကြံဝယ်ဈေးသိရှိရမည်ဖြစ်ကြောင်း၊ လက်ရှိ သကြားဈေးကွက်တွင် လက်ကျန်သကြားများ ရောင်းချလျက်ရှိရာ သကြားတစ်ပိဿာဈေးမှာ အရည်အသွေးကောင်းလျှင် ငွေကျပ် ၅၀၀၀ ဖြစ်ပြီး ၎င်းထက် အနည်းငယ်နိမ့်သော သကြားမှာ ငွေကျပ် ၄၈၀၀ ဝန်းကျင် ပေါက်ဈေးရှိကြောင်း သိရသည်။

"ကြံစိုက်ချိန်မရောက်သေးဘူး။ ထယ်ထိုးပြီး မြေပြင်တဲ့အဆင့်ပဲရှိသေးတယ်။ ကြံခုတ်ခ၊ စိုက်ခ၊ စက်ရုံပို့ရမယ့် ကားခတွေက မနှစ်ကဈေးနဲ့ မတူနိုင်ဘဲ အတက်ပဲရှိမယ်။ စိုက်ချိန်မှာ မြေဩဇာထည့်ရအုန်းမယ်။ ကြံတစ်ဧကကို ကုန်ကျစရိတ်က ငွေကျပ် ၁၀ သိန်းကျော်၊ ရောင်းရတဲ့ဈေးနဲ့ဆိုရင် နေ့တွက်ကိုက်ပဲ ရှိတယ်။ သကြားစက်တွေလောက် အမြတ်မရှိဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လာမည့် နိုဝင်ဘာလတွင် ကြံများ စတင်စိုက်ပျိုးတော့မည်ဖြစ်ပြီး ဧပြီလလောက်တွင် ရောင်းချသည်ဖြစ်ရာ စက်ရုံများ၏ ကြံဝယ်ဈေးသည် တောင်သူများအတွက် အကျိုးရှိမည့် ဈေးနှုန်းဖြစ်ရန်နှင့် တောင်သူများနှင့် ဒေသခံများအတွက် သင့်လျော်မည့် ကြံဝယ်ဈေးဖြစ်ရန်လိုကြောင်း ကြံစိုက်တောင်သူအချို့ထံမှ သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

## ပွင့်ဖြူမြို့နယ်၌ ဌာနဆိုင်ရာများ စုပေါင်းပြီး ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ယနေ့ နံနက် ၇ နာရီက ပွင့်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်ရှိ ဂုဏဝတီဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဂုဏဝတီဘုန်းတော်ကြီးကျောင်းအား သန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းပရိဝုဏ်အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ကောက်ယူရှင်းလင်းခြင်းနှင့် တံမြက်စည်းလှဲခြင်းလုပ်ငန်းများကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်၌ မြို့ပြနှင့် ကျေးလက်ဒေသ သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများ လျော့နည်းပပျောက်စေရန် ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က အပတ်စဉ်(စနေနေ့)တိုင်း မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများသို့ သွားရောက်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၄၅)

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက် သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynew-spaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိ





နေပြည်တော် အောက်တိုဘာ ၂၆

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် အားကစား အရည်အသွေး ပြည့်မီစွာဖြင့် အဆင့်အတန်းရှိရှိ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင် သည့်အနေဖြင့် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ကျောင်း သားလူငယ်များ ကျန်းမာကြံ့ခိုင် စေရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် ထွန်းပြောင်စေမည့် အားကစား သမားကောင်းများ ပေါ်ထွန်းလာ စေရေးအတွက် လည်းကောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီး ဖလား အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် ဝန်ကြီး ဌာနပိုင် အားကစားကွင်းများ တွင် ယခုလ ၂၅ ရက်နေ့မှ စတင် ၍ ကျင်းပယှဉ်ပြိုင်လျက်ရှိ သည်။

ယနေ့မွန်းလွဲပိုင်း၌ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သည် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့်အတူ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အားကစား လေ့ကျင့်ရေးခန်းမ(၁)၌ ဘော်လီ ဘော (အမျိုးသား) ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို သွား ရောက်ကြည့်ရှု အားပေးသည်။ ပွဲစဉ်(၁)တွင် နည်းပညာ၊ သက်မွေး ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အသင်း (က) က အဆင့်မြင့် သိပ္ပံ နှင့် နည်းပညာဦးစီးဌာနအသင်း (က) ကို ပွဲငယ်သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသည်။ ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယ ဝန်ကြီးနှင့်အတူ အားကစားသမား များကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးကာ လိုအပ် သည်များကို ဖြည့်ဆည်းဆောင် ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် တာဝန်ရှိသူများ၊ ကျောင်းသားများ နှင့်အတူ ဘော်လီဘော (အမျိုး သား)ပွဲစဉ်နှင့် ပိုက်ကျော်ခြင်း(အမျိုး သား)ပွဲစဉ်၊ ဖူဆယ်ဘောလုံး (အမျိုးသား)ပြိုင်ပွဲများကို ကျင်းပ သည့်နေရာအသီးသီးသို့ သွား ရောက်ကြည့်ရှု အားပေးသည်။

ဘော်လီဘော (အမျိုးသား) ပွဲစဉ်(၂)တွင် နည်းပညာ၊ သက်မွေး ပညာနှင့် လေ့ကျင့်ရေးဦးစီး ဌာနအသင်း(ခ)က အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနအသင်း (ခ) ကို ပွဲငယ်သုံးပွဲပြတ်ဖြင့် အနိုင် ရရှိသည်။

ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲပွဲစဉ်များကို အားကစား လေ့ကျင့်ရေးခန်းမ (၃) တွင် ကျင်းပရာ ပွဲစဉ် (၃) တွင် အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန အသင်း(ခ)က အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း (က) ကို ပွဲငယ်နှစ်ပွဲ - တစ်ပွဲဖြင့်လည်း ကောင်း၊ ပွဲစဉ် (၄) တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနအသင်း(ခ)က နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန အသင်း (က) ကို ပွဲငယ် နှစ်ပွဲ - တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ဆက်လက်၍ အစိုးရစက်မှု လက်မှုသိပ္ပံ(နေပြည်တော်)တွင် ဖူဆယ်ဘောလုံး (အမျိုးသား) ပြိုင်ပွဲကိုကျင်းပသည်။ ပွဲစဉ် (၁) တွင် နည်းပညာ၊ သက်မွေးပညာ နှင့် လေ့ကျင့်ရေးဦးစီးဌာနအသင်း (က) က အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအသင်း (က) ကို လေးဂိုး - တစ်ဂိုးဖြင့် လည်း ကောင်း၊ ပွဲစဉ်(၂)တွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနအသင်း(ခ)က အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန အသင်း(ခ)ကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသည်။ ပွဲစဉ်အပြီးတွင် ဒုတိယဝန်ကြီး က အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယအကြိမ် MBC Professional Boxing ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ဂျပန်လက်ဝှေ့ကော်မရှင်နှင့် MBC ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် MBC Professional Boxing ပြိုင်ပွဲများကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံလက်ဝှေ့ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ Myanmar Boxing Commission မှ တာဝန်ရှိသူများ၊ လက်ဝှေ့ဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲ၏ သုံးမိနစ်ထိုး နှစ်မိနစ်နား ခြောက်ချီပြိုင်ပွဲများတွင် အမျိုးသား ၅၀ ဒသမ ၈၀ ကီလိုတန်း၌ နေဘ်ဖုန်းက ကောင်းပြည့်စုံကို လေးချီတွင် အနိုင်ရရှိပြီး ၇၂ ဒသမ ၅၇ ကီလိုတန်းတွင် ထက်ဝေလင်းက ငြိမ်းပြည့်စုံကို အမှတ်ဖြင့်အနိုင်ရရှိသည်။

၅၇ ဒသမ ၁၅ ကီလိုတန်းတွင် စောခိုင်ရဲလင်းနှင့် နေထက်အောင်တို့ ပြိုင်ပွဲမှာ ပူးတွဲသရေဖြစ်ခဲ့ပြီး ၆၃ ဒသမ ၅၀ ကီလိုတန်းတွင် မင်းခန့်သူ က မင်းကိုကိုအား ပထမအချီ၌ အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ပြင် ၇၉ ဒသမ ၃၈ ကီလိုတန်းတွင် ဇော်ဆိုင်းနော်က မျိုးမြင့်မြတ် ကို အမှတ်ဖြင့်လည်းကောင်း၊ ၅၉ကီလိုတန်းတွင် နိုင်လတ်က ဩဂတ် စတင်းဆွတ်ရိန်အောင်ကို အမှတ်ဖြင့်လည်းကောင်းအနိုင်ရရှိခဲ့သည်။

ထို့နောက် အနိုင်ရရှိသူများအား Myanmar Boxing Commission မှ တာဝန်ရှိသူများက ဆုတံဆိပ်များချီးမြှင့်ကြသည်။

Boxer တွင် ဝင်ထားသူများ record များပြားလာစေရန်၊ MBC ၏ ပထမဆုံးခြေလှမ်းအနေဖြင့် JBC ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်၊ MBC professional boxer license ထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ယခုပြိုင်ပွဲ ကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

လင်းရာမ



၅၉ ကီလိုတန်းတွင် နိုင်လတ်နှင့်ဩဂတ်စတင်းဆွတ်ရိန်အောင်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

## ဝါးနက်ဆင်စခန်းတွင် ဆင်နှင့်ပတ်သက်၍ လေ့လာနိုင်ရန် ဆင်စခန်းငယ်တည်ဆောက်ပြသထား

မန္တလေး အောက်တိုဘာ ၂၆

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ဝါးနက်ဆင်စခန်းတွင် ပြခန်းငယ်တစ်ခုတည်ဆောက်၍ လာရောက်လည်ပတ်သူများမှာ ဆင်နှင့်ပတ်သက်သည့် ဗဟုသုတ အဖြစ် လေ့လာနိုင်ပြီး တာဝန်ရှိ သူများက ဆင်အကြောင်းရှင်း လင်းပြသပေးကြောင်း ဆင်စခန်း တာဝန်ခံက ပြောသည်။

အဆိုပါ ပြခန်းတွင် ဆင် တစ်ကောင်လုံး၏ အရိုးစုနှင့်အတူ ဆင်တို့၏ သဘာဝနှင့် အမူ အကျင့်များနှင့် ပတ်သက်သည့် လေ့လာနိုင်ရန် ဓာတ်ပုံများ၊ ဗီနိုင်း များဖြင့် ပြသထားသည်ဟု ဆို သည်။

"ဆင်စခန်းမှာ ပြခန်းငယ် လေးတစ်ခု ပြုလုပ်ထားပြီး ဆင် တွေအကြောင်း ရှင်းပြပါတယ်။ ဆင်တွေကို ဘယ်လိုထိန်းသိမ်း တယ်။ သစ်ခုတ်တဲ့ နေရာတွေမှာ ဆင်တွေရဲ့ လုပ်အားအသုံးပြု ပုံတွေနဲ့ သူတို့ရဲ့သဘာဝဖြစ်စဉ် တွေ ပြသထားသလို ဆင်ကျန်း မာရေးအတွက် ဆေးကျွေးတာ တွေကစလို့ သိရှိနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ဆင်စခန်း၌ ဆင် ၉ ကောင်ရှိပြီး လာရောက် လည်ပတ်သူများအား ဆင်များ က ဘောလုံးကန်ခြင်း၊ ပုသိမ် ထီးနှင့် ကပြခြင်း စသည့်ပြပွဲ များပြုလုပ်ပေးပြီး ဆင်စီးနိုင် သည့် ဝန်ဆောင်မှုလည်းရှိကြောင်း၊ ဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ထား ပြီး စိတ်ချမ်းမြေ့စွာ အနားယူ အပန်းဖြေနိုင်ရန် နေရာများ စီစဉ်ထားရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)





## မြန်မာလှေလှော်အားကစားအဖွဲ့ ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲနှင့် ၂၀၂၅ ကမ္ဘာ့ဖလား အားကစားပြိုင်ပွဲအတွက် လက်ရည်စစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် အောက်တိုဘာ ၂၆

အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဖလား နဂါးလှေလှော် ပြိုင်ပွဲနှင့် ၂၀၂၅ ခုနှစ် ချန်ဒူးတွင်ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ၏ လက်ရည်စစ်ပြိုင်ပွဲ ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာလှေလှော်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့တွင် ရွှေ တံဆိပ် နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသားရှစ်တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက ပထမ(ရွှေ တံဆိပ်)ဆု၊ တရုတ်အသင်းက ဒုတိယ(ငွေတံဆိပ်)ဆုနှင့် ရုရှားအသင်းက တတိယ(ကြေးတံဆိပ်)ဆု ကိုလည်းကောင်း၊ အမျိုးသား+အမျိုးသမီး ရှစ်တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက ပထမ(ရွှေတံဆိပ်)ဆု၊ တရုတ်အသင်းက ဒုတိယ(ငွေတံဆိပ်)ဆုနှင့် ရုရှားအသင်းက တတိယ (ကြေးတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား+အမျိုးသမီး မီတာ ၂၀၀၀ ပြိုင်ပွဲတွင် တရုတ်အသင်းက ပထမ(ရွှေတံဆိပ်)ဆု၊ မြန်မာအသင်းက ဒုတိယ(ငွေတံဆိပ်)ဆုနှင့် ရုရှားအသင်းက တတိယ(ကြေး တံဆိပ်)ဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု လှေလှော်အားကစားအဖွဲ့သည် ရွှေသုံးခု၊ ငွေတစ်ခု ဆွတ်ခူးရရှိထားပြီး အောက်တိုဘာ ၂၇ ရက်တွင် ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



အရေးပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ အိန္ဒြေမြင့်မိုရ် "လူငယ်အားမာန် အမြဲရှင်သန် နိုင်ငံပြည်ကျိုးဆောင်သယ်ပိုး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဟိန်းမေတ္တာနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။



စန္ဒရား အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးအာကာလင်း "ပန်းဟေဝန်" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကောင်းဆက် (ခ) ကျော်ဆန်းလွင်က "ထောင်ရောင် နေကသာ" (သီချင်းခံ) သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။



စောင်း အတီးပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်သူဟိန်း "ပန်းဟေဝန်"(ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



မဟာဂီတ အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရခိုင်ပြည်နယ်မှ ဦးရဲလင်းကျော် "စိန်ကြောင်နီလာ"(ပတ်ပျိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသမီး)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မမွန်းဘောဘီမောင်၏ ကပြယှဉ်ပြိုင်ဟန်။




ချင်းတိုင်းရင်းသားရိုးရာအက (အလွတ်တန်း) ပြိုင်ပွဲ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းစံဟိန်းနှင့်အဖွဲ့ "ချင်းတောင်တန်းမှ ကြိုဆိုလျက်" သီချင်းနောက်ခံဖြင့် ဤသို့ ကပြယှဉ်ပြိုင်ခဲ့ကြသည်။



စောင်း အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးမျိုးကို "ညာသပြေဘောင်" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




စောင်းအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခြူးရတနာစိမ့် "ရေယမုန်"(ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



မဟာဂီတ အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မလင်းလက်နွယ် "တောတောင်စွယ်"(ယိုးဒယား) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝင့်ရွှေရည်မိုး (ခ) စတားရွှေရည်ဖိုးဖော်နှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။



စန္ဒရား အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်တင်ဇာအေးလွင် ယမုန်နာ(ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# နိဗ္ဗာန်ရည်မှန်း မြတ်ကထိန် လှူသက်နှင်း

တန်ဆောင်မုန်းလဟာ ရာသီအားဖြင့် ပြိဿာရာသီ၊ ရာသီရုပ်မှာ ကင်းမြီးကောက်ဖြစ်ပါတယ်။ ရာသီပွဲမှာ ကထိန်ပွဲဖြစ်ပြီး၊ ရာသီပန်းဟာ ခဝဲပန်းဖြစ်ပါတယ်။ စန်းယှဉ်နက္ခတ်ဟာ ကြတ္တိကာနက္ခတ်ဖြစ်ပြီး ကျီးတာရာထွန်းလင်းတဲ့ အခါရာသီ ဖြစ်ပါတယ်။

ကထိန်ခင်းကျင်း သင်္ကန်းလှူဒါန်းခြင်းကို ဗုဒ္ဓမြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် ခွင့်ပြုတော်မူခဲ့ပါတယ်။ သာဝတ္ထိပြည်ကောသလမင်းကြီးရဲ့ အဖတူအမိကွဲဖြစ်ကြတဲ့ ဘဒ္ဒဝဂ္ဂီညီနောင်မင်းသား သုံးကျိပ်တို့ဟာ ငယ်ရွယ်သူ မင်းညီမင်းသားများဖြစ်သည့်အားလျော်စွာ တစ်နေ့သောအခါမှာ ဇနီးမယားကိုယ်စီနဲ့ အပျော်အပါး ထွက်ခဲ့ကြပါတယ်။ မင်းသား သုံးကျိပ်ထဲမှာ လူပျိုကြီးမင်းသားတစ်ယောက်ကတော့ ဇနီးမယားမရှိတဲ့အတွက် ပြည့်တန်ဆာမတစ်ယောက်ကို အငှားမယားအဖြစ်ခေါ်ခဲ့ပါတယ်။ ညီနောင်သုံးကျိပ်တို့ဟာ ဇနီးမယားနဲ့ ပျော်ပါးစားသောက်ပြီး အိပ်ပျော်သွားကြတဲ့အခါ ပြည့်တန်ဆာမက မင်းသားတွေဝတ်ဆင်ထားတဲ့ အဖိုးတန်ရတနာတွေကို ယူပြီးထွက်ပြေးသွားပါတယ်။ ညီနောင်တွေအိပ်ပျော်ရာက နိုးလာတော့ ပြည့်တန်ဆာမကို စိတ်ဆိုးမာန်ဆိုးနဲ့လိုက်ရှာတဲ့အခါ တောအုပ်ကြီးအတွင်း သစ်ပင်ကြီးတစ်ပင်အောက်မှာ သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်ကို တွေ့မြင်တော့ ဘုရားဟောတဲ့ သစ္စာ လေးပါးတရားကို နာယူကာ သောတပန်၊ သကဒါဂါမ်၊ အနာဂါမ်တည်ကြပြီး ဘုရားထံမှာ ရဟန်းပြုကြပါတယ်။ မင်းသားတွေဟာ ရဟန်းတွေဖြစ်သွားလို့ နန်းတော်ကိုမပြန်ကြဘဲ ပါဝေယျကတိုင်းကပ္ပမည်တဲ့ တောကျောင်းမှာ သီတင်းသုံးနေထိုင်ကြပါတယ်။ ညီနောင် သုံးကျိပ်တို့ဟာ ၁၃နှစ်တိုင် တောထဲမှာသီတင်းသုံးနေထိုင်ပြီး ဝါကျွတ်တဲ့အခါ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့ ဗုဒ္ဓမြတ်ဘုရားကို ဖူးမြော်ရန် ခြေကျင်ခရီးထွက်ခဲ့ကြပါတယ်။ ဝါကပ်ချိန်လည်းနီး သာဝတ္ထိပြည်ရောက်ဖို့ ခြောက်ယူဇနာလောက် လိုသေးတော့ သာကေတမြို့မှာပဲ ဝါကပ်တော်မူကြပါတယ်။ သီတင်းကျွတ်ပြီး ခရီးဆက်ခဲ့ရာ မိုးတွင်းဖြစ်လို့ မိုးကလည်းသည်း၊ လမ်းကလည်းကြမ်းတော့ မိုးရေတွေစို၊ ရွှံ့တွေပေနေတဲ့ နှစ်ထပ်(ဒုကုဋ်) ဖျင်သင်္ကန်းကိုယ်စီ ပခုံးမှာထမ်းပြီး ပင်ပန်းဆင်းရဲစွာဖြင့် ဘုရားထံပါးရောက်ခဲ့ကြပါတယ်။ ညီနောင် သုံးကျိပ်တို့ ပင်ပန်းဆင်းရဲစွာ ရောက်လာတဲ့အကြောင်းစုံကို သိပြီးနောက် ဘုရားရှင်က "ချစ်သားရဟန်းတို့ ဝါကျွတ်သောရဟန်းတို့ အား(ပုရိမဝါမှထကုန်သောရဟန်းတို့အား) ကထိန်ခင်းခြင်းကို ငါဘုရား ခွင့်ပြုတော်မူသည်" ဟု မိန့်တော်မူကာ ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူခဲ့ပါတယ်။

ကထိန်ဆိုတာ "ကထိန" ဆိုတဲ့ ပါဠိကဆင်းသက်လာပြီး မြဲမြံခိုင်ခံ့ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ကထိန်ခင်းလိုက်လို့ရတဲ့ ကထိန်အာနိသင်ငါးမျိုး မြဲမြံခိုင်ခံ့တဲ့အတွက် ကထိန်လို့ခေါ်ပါတယ်။ တစ်နှစ်မှတစ်လ၊ တစ်လမှတစ်ရက်၊ တစ်ရက်မှတစ်ကြိမ်သာ အချိန်အခါနဲ့ လှူဒါန်းရတဲ့ "ကာလဒါန" မျိုးဖြစ်တဲ့အပြင် ထူးခြားတဲ့ ဝိနည်းကံနှင့်အညီ လှူရတဲ့အလှူဖြစ်ပါတယ်။ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်း ကထိန်ရာသီကာလ ဖြစ်ပါတယ်။

ကထိန်ခင်းခြင်းကြောင့် ရဟန်းတို့ရသော အကျိုးငါးပါးမှာ ၁။ မပန်မကြား လိုရာသွား ပြစ်ကားမသင့်ပြီ၊ ၂။ သုံးထည်တည်းမှာ ထားလိုရာထားကာ သွားနိုင်သည်၊ ၃။ လေးပါးတူပင် ဂိုဏ်းဘောဇဉ် စားချင်စားနိုင်သည်၊ ၄။ သင်္ကန်းများစွာ ငါးလတာ သိမ်းကာထားနိုင်သည်၊ ၅။ သင်္ကန်းလှူငြားသင်္ကန်းများ သူ့အားသာဖြစ်သည်ဆိုတဲ့ လင်္ကာလေးနဲ့ မှတ်သားနိုင်ပါတယ်။ ကထိန်အလှူရှင်များအနေနဲ့ ၁။ တားဆီး ကင်းကွာလွတ်လပ်စွာ လိုရာသွားနိုင်သည်၊ ၂။ တာဝန်ကိစ္စမလေးရ ပေါ့လှပေတော့သည်၊ ၃။ စားလိုရာများ စားသော်ငြားဘေးကား မသင့်ပြီ၊ ၄။ ပစ္စည်းအများသိမ်းပိုက်ထား ဘေးကား မသင့်ပြီ၊ ၅။ ကိုယ့်ပစ္စည်းများ သူတစ်ပါး ယူသွားကင်းပသည်ဆိုသည့် စာသားအတိုင်း အကျိုးငါးပါး ခံစားရမှာ ဖြစ်ပါတယ်။

တန်ဆောင်မုန်းလဟာ မိုးလေဝသကင်းစင်ပြီး ခဝဲပန်းရနံ့ ကြိုင်လှိုင်သင်းတဲ့ကာလလည်း ဖြစ်ပါတယ်။ မိုးလည်းမမည် ဆောင်းလည်းမပီသေးတဲ့အချိန် မိုးရဲ့အကြွင်းအကျန်ရနံ့နဲ့အတူ ဆောင်းရဲ့အဦးအစကို တွေ့ရလို့ ရာသီဥတုသာယာတဲ့လဖြစ်ပါတယ်။ ကောက်ပဲသီးနှံတို့မှာ သီးကင်းလွန်မြောက်ကာ ဝတ်ဆံပြည့် အနှစ်အခဲအဖြစ် တင်းတင်းမာမာ ဖုံးလွှမ်းအောင်မြင်နေတဲ့ ကာလဖြစ်ခြင်းကြောင့် "ဖုန်းတုန်း၊ လုံးတုန်း တန်ဆောင်မုန်း" လို့ ဆိုရိုးပြုကြပါတယ်။



တန်ဆောင်မုန်းလမှာ ကထိန်ပွဲ၊ သာမညဖလပွဲ၊ မသိုးသင်္ကန်း ကပ်လှူပွဲ၊ ပုံသကူပစ်ပွဲများ ကျင်းပလေ့ရှိကြပါတယ်။ ဆေးပင်အပေါင်းကို စောင့်တဲ့နတ်တွေဟာ မယ်ဇလီပင်ကို စောင့်တဲ့နတ်ကို ခစားတဲ့အကြောင်း အယူရှိတဲ့အတွက် ဆေးပေါင်းခတယ်လို့ မှတ်ယူကာ မယ်ဇလီဖူးသုပ်စားခြင်း အိမ်နီးချင်းများကို ဝေငှဒါနပြုလေ့ရှိကြပါတယ်။

တောင်စလင်းတိုက်သစ် ဘာဝနာဌာနပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခ(အဘိဓေမဟာရဋ္ဌဂုရု) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇရဲ့ ဩဝါဒနဲ့ ဖွဲ့စည်းထားတဲ့ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)က ဆက်သွယ်သွားလာရန် ခက်ခဲတဲ့ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသများမှာ အသက်ကို ပဓာနမထားဘဲ သာသနာပြုနေကြတဲ့ ရဟန်းတော်များ ကထိန်အာနိသင်ရရှိစေရန် လှူဒါန်းခဲ့တဲ့ ယခုနှစ် ၂၀၂၄ မှာ ၁၇ ကြိမ်ရှိပြီဖြစ်ပါတယ်။ အသင်းအနေနဲ့ ပထမဆုံးအကြိမ်အဖြစ်(၁၉- ၁၁-၂၀၁၈ မှ ၂၆-၁၁-၂၀၁၈)အထိ သာသနာပြုခရီးသည် ၂၂၀ ဦး လိုက်ပါပြီး ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ချုံကျုံးကျေးရွာမှာ ချင်းပြည်နယ်ရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းပေါင်း ၁၀၁၀ အတွက် ကထိန်ခင်းရာမှာ သိန်း ၁၅၀ကျော် ကုန်ကျခဲ့ပါတယ်။ ဘာသာမရွေး၊ လူမျိုးမရွေး ချင်းပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာများအတွက် တစ်အိမ်ထောင်လျှင် ဆား ၅၀သားနှုန်းနဲ့ ဆားပိဿာအချိန် တစ်သောင်းလှူဒါန်းခဲ့ပါတယ်။

ယခုနှစ် ၁၃၈၆ ခုနှစ် ၂၀၂၄ မှာ ကချင်၊ ကယား၊ ရှမ်းအရှေ့၊ ရှမ်းမြောက်၊ ရှမ်းတောင်၊ နာဂတောင်တန်း၊ ရခိုင်၊ ကရင်၊ မွန်၊ တနင်္သာရီရှိ ကျောင်းပေါင်း ၁၅၈၃ ကျောင်းအတွက် လှူဒါန်းမှာဖြစ်ပါတယ်။ ချင်းပြည်နယ်ရှိ သာသနာပြုကျောင်းများကို ပေးပို့လှူဒါန်းရန် အခက်ခဲရှိလို့ ၁၉၇ ကျောင်းကို ချန်လှပ်ထားပါတယ်။ ကထိန်အာနိသင်မရကြတဲ့ စစ်ကိုင်းတောင်ရိုး မင်းဝံတောင်တန်းရှိ ကျောင်းများအတွက် အသင်းနှင့်ဆက်သွယ်သတင်းပို့ပါက မိုးပေါ်ကျကထိန်ကိုလည်း နှစ်စဉ်မပျက်လှူဒါန်းသွားမှာဖြစ်ပါတယ်။ (၁၇)ကြိမ်မြောက်ကထိန်တော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ၂၀၂၄ စက်တင်ဘာ ၁၅ နံနက် ၁၀ နာရီက အသင်းရုံးချုပ်မှာ ကော်မတီဝင်များ အသင်းခွဲ၊ အသင်းထောက်၊ တာဝန်ခံများနှင့် ဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ ကထိန်တော်ကျင်းပရေး ဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခဲ့ပါတယ်။ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ အလှူခံလုပ်ငန်းအဖွဲ့၊ ပဒေသာပင်ငွေလက်ခံခြင်းနှင့် မှတ်တမ်းတင်အဖွဲ့၊ ကထိန်ပစ္စည်း၊ ဥတ်များပြင်ဆင်၊ တပ်ဆင်ရွှေပြောင်းရေးအဖွဲ့၊ ရေစက်ချအခမ်းအနား ဘုန်းကြီးပင့်ဆောင်ရေးအဖွဲ့၊ ကထိန်တော်ဥတ်မကြီး ပြင်ဆင်ရေးအဖွဲ့၊ ဖျော်ဖြေရေးအတွက် မီးထွန်းညှိရေးအဖွဲ့၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ လှူဖွယ်ပစ္စည်းများထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့၊ ကထိန်များ သိမ်းဆည်းရေးအဖွဲ့တွေကို စနစ်တကျဖွဲ့စည်းပြီး အဖွဲ့အလိုက် လုပ်ဆောင်မယ့် လုပ်ငန်းတာဝန်များကို အသီးသီးပေးအပ်ပါတယ်။ ကျောင်းပေါင်း ၁၀၁၀ကို စတင်လှူဒါန်းခဲ့တဲ့ ၂၀၁၈ခုနှစ် ကထိန်ဟာ ယခုနှစ်မှာ (၁၇)နှစ်ပြည့်မြောက်ပြီး ကျောင်းပေါင်း ၅၇၃ ကျောင်း တိုးလာတဲ့အတွက် ၁၅၈၃ ကျောင်းအတွက် တစ်ကျောင်း ပဒေသာပင် တစ်ပင်နှုန်းနဲ့ ပဒေသာပင် ၁၅၈၃ ခု လှူဒါန်းမှာ ဖြစ်ပါတယ်။

ကျောင်းတစ်ကျောင်းအတွက် သင်္ကန်း၊ ဆွမ်းတား၊ ကော်ဇောစောင် ကိုးသောင်းဖိုး၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာစတဲ့ အသုံးအဆောင်ပစ္စည်းများအတွက် ၃၇၀၀၊ စာရေးကိရိယာအတွက် ၁၀၀၀၀၊ ကထိန်ပစ္စည်းကျောင်းအရောက်ပို့ဆောင်စရိတ်ငွေကျပ် ၆၃၀၀၊ စုစုပေါင်း တစ်သိန်းတစ်သောင်း လှူဒါန်းခြင်းဖြင့် ကထိန်ဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူနိုင်ကြမှာ ဖြစ်ပါတယ်။

သွားလာရန်ခက်ခဲပြီး ဘာသာစကား၊ ရာသီဥတု၊ ဆက်သွယ်ရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး အခက်အခဲပေါင်းများစွာကို အသက်နဲ့ရင်းပြီး ရင်ဆိုင်ရင်း သာသနာပြုနေကြတဲ့ ရဟန်းတော်များအတွက် ကထိန်ခင်းမယ့်သူ မရှိသလောက်ရှားပါတယ်။ ဗုဒ္ဓဘာသာဝင် တစ်အိမ် တစ်လေရှိတဲ့ရွာတွေထက် ဗုဒ္ဓဘာသာဝင် တစ်အိမ်မှမရှိတဲ့ရွာတွေမှာ ကထိန်ခင်းမယ့်သူမရှိလို့ ကထိန်အာနိသင်ရဖို့ အလွန်ခက်ခဲပါတယ်။ အချို့ရာသီဥတုဒဏ်မခံနိုင်လို့ ငှက်ဖျားရောဂါလို ပြင်းထန်တဲ့အဖျားဝေဒနာတွေ ကုသဖို့ ဆေးရုံဆေးခန်းမရောက်ဘဲ စောင်ပုခက်နဲ့ တောင်ကြားလမ်းမှာ ပျံလွန်တော်မူကြရတဲ့ ရဟန်းတွေက များလှပါပြီ။တစ်ပါးတည်း၊ တစ်ကျောင်းထဲမှာ သီတင်းသုံးရတဲ့ ရဟန်းတော်တွေဟာ နာမကျန်းဖြစ်ရင် ဆေးတိုက်မည့်သူ၊ ဆန်ပြုတ်ကပ်မည့်သူမရှိ။ ရောဂါဒဏ်ကို အံကြိတ်ခံနေကြတာကို ကိုယ်တိုင်ဖူးတွေ့ရတဲ့အခါ အသက်ကို ပဓာနမထားဘဲ သာသနာပြုနေကြတဲ့ ရဟန်းတော်တွေကို များစွာကြည်ညိုလေးစားမိပါတယ်။ ကမ်းရိုးတန်းဒေသရှိ ရဟန်းတော်များဟာ ပင်လယ်မြစ်ချောင်းတွေ ဝိုင်းရံနေတဲ့ရေထဲမှာ သာသနာပြုနေကြရပြီး ကထိန်ခင်းမယ့်သူမရှိရင် ကထိန်အကျိုးအာနိသင်ကို မရဘဲရှိနေကြပါတယ်။ ကထိန်အာနိသင်ရစေရန် မြေပြန့်ရှိ ဒါယကာ၊ ဒါယိကာမများက ကထိန်ခင်းပေးမှသာ ဝိနည်းတော်နဲ့အညီ သာသနာပြုနိုင်ကြမှာဖြစ်ပါတယ်။ ရှင်မဟာဗုဒ္ဓ ဟောသက ဝိနည်းဟာ သာသနာတော်ရဲ့ အသက်ဖြစ်တယ်။ ဝိနည်းတည်ရှိမှသာ သာသနာတည်တံ့နိုင်မယ်လို့ မိန့်ကြားတော်မူခဲ့ပါတယ်။ ဝိနည်းဟူသည် သာသနာ့ဝန်ထမ်းရှင်ရဟန်းများ လိုက်နာကျင့်သုံးရမည့် စည်းကမ်းဖြစ်ပါတယ်။ ဘုရားရှင်ချမှတ်ခဲ့တဲ့ ဥပဒေကျင့်ဝတ်၊ ဝိနည်းစည်းကမ်းအတိုင်း ရဟန်းများ ကျင့်သုံးကြမှသာ ဘုရားရှင်ရဲ့သာသနာတော်ကြီးအဓွန့်ရှည်ပြီးတည်တံ့မှာဖြစ်ပါတယ်။ သာသနာတော်တည်တံ့ခိုင်ခံ့စေရန် ဝိနည်းဟာ ပဓာနကျတာကြောင့် ဝိနည်းကံနဲ့ စပ်လျဉ်းတဲ့ ကထိနစီဝရကံဆိုင်ရာ ကထိန်သင်္ကန်းလှူဒါန်းမှု ကထိန်ခင်းမှုဆိုင်ရာအကြောင်းအရာတို့ကို သဒ္ဓါ၊ ပညာ ညီညွတ်စွာ သိရှိနားလည်ပြီး လှူဒါန်းနိုင်မှသာ နှစ်ဦးနှစ်ဖက် ကထိန်အကျိုးအာနိသင်ကို ရရှိခံစားနိုင်ကြမှာ ဖြစ်ပါတယ်။

ကထိန်အတွက် အလှူခံမဏ္ဍပ်ကို တောင်စလင်းတိုက်သစ်ဘာဝနာဌာနအရှေ့ ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းပေါ်မှာ သီတင်းကျွတ်လပြည့်နေ့မှ တန်ဆောင်မုန်းလပြည့်အထိ ဖွင့်လှစ်အလှူခံသွားမှာ ဖြစ်ပါတယ်။ အလှူခံမဏ္ဍပ်ဖွင့်ပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက် ၈နာရီ က ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခနှင့်ကော်မတီဝင်များ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။ နိဗ္ဗာန်ရောက်ရာရောက်ကြောင်း အားကောင်းတဲ့ အထောက်အပံ့ဖြစ်သော ကထိန်သင်္ကန်း ဟာ "ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ ဆွမ်းမှာ ပိဏ်၊ သင်္ကန်းမှာ ကထိန်ဆိုတဲ့ အမြတ်ဆုံးဒါန လေးမျိုးထဲပါဝင်နေတာမို့ လှူဒါန်းလိုပါက နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး) ဖုန်း ၀၉-၄၀၂၆၉၂၅၂၊ ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၉၇၅၇၆၄၃၂၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ရုံးချုပ်မှာ ၂၄နာရီလုံး အလှူခံပုဂ္ဂိုလ်များထံ အချိန်မရွေး လှူဒါန်းနိုင်သလို ကိုယ်တိုင်မလာရောက်နိုင်ကာ ဖုန်းနှင့်ဆက်သွယ် လှူဒါန်းနိုင်ပါတယ်။ K pay, Wave money နဲ့လည်းပေးပို့ လှူဒါန်းနိုင်ပါတယ်။

နိဗ္ဗာန်ရည်မှန်း မြတ်ကထိန်လှူသင်္ကန်းကို လှူဒါန်းခြင်းဖြင့် ကထိန်ဒါယကာ၊ ဒါယိကာမအဖြစ် ခံယူနိုင်ကြပါစေ။

အေးအေးခိုင်(ပညာရေး)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Ranbir Kapoor က Dhoom 4 ရိုက်ရန်အတည်ပြု

နာမည်ကျော် ဟင်ဒီစကားပြော Dhoom 4 ကို Ranbir Kapoor က ဆက်လက်ရိုက်ကူးမည်ဟု အတည်ပြုသွားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ Dhoom ဇာတ်ကား အပိုင်းတစ်၊ နှစ်၊ သုံးတွင် အဘီဆစ်ဘဂျမ်းနှင့် အူဒေးချိုပရားတို့ အဓိကပါဝင်ထားပြီး Dhoom 1 တွင် ဂျွန်အီမရာဟမ်၊ Dhoom 2 တွင် ဟာရီသစ်ရိုရှမ်း၊ Dhoom 3 တွင် အမီရ်ခန်းတို့ အသီးသီး ပါဝင်ထားကြသည်။ အရေးကူးမားရ်နှင့်တောင်ပိုင်း သရုပ်ဆောင် ဆူရီယာတို့က Dhoom4 တွင် ပါဝင်ထားကြပြီး ရမ်ဘီးကပူးရ်က ဗီလိန်နေရာမှ ပါဝင်မည်ဟု အတည်ပြုပြောကြားထားသည်။

ရမ်ဘီးကပူးရ်သည် အသက် ၄၂နှစ်ရှိပြီဖြစ်ပြီး ရာမယနရုပ်ရှင်သစ်နှင့် Animal Park တို့တွင်လည်း ပါဝင်ထားကာ Dhoom 4 တွင် မျိုးဆက်သစ် မင်းသားသစ်လေးများနှင့်အတူ တွေ့ကြရမည်ဖြစ်သည်။ (SKY)

## BTS မှ Jin က Gucci အပါအဝင် နာမည်ကြီးအမှတ်တံဆိပ်များ၏ သံတမန်ဖြစ်

BTS အဖွဲ့ဝင် Jin (ခေါ်) ကင်ဆွတ်ဂျင်သည် Gucci အပါအဝင် နာမည်ကြီး ကုန်အမှတ်တံဆိပ်လေးခု၏ ကမ္ဘာလုံးဆိုင်ရာ သံတမန်အဖြစ် ခန့်အပ်ခံရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဖွဲ့ဝင် Jin သည် ရိုးသားအေးဆေးသူဖြစ်ပြီး Gucci ကို အဖွဲ့ဝင် V က လက်ဆောင်ပေး၍ သိခဲ့ရာမှ Gucci၏ ကမ္ဘာလုံးဆိုင်ရာ သံတမန်အဖြစ် လန်းဆန်းတက်ကြွသောဖက်ရှင်နှင့် မြင်တွေ့ကြရသည်။

လက်ဝတ်ရတနာအမှတ်တံဆိပ် FRED နှင့် တန်ဆာဆင်ထားသောပုံရိပ်များ ပရိသတ်ကြိုက်နှစ်သက်ကြကာ ဆိုးလ်မြို့၏ ခရီးသွားဝန်ဆောင်မှုသံတမန်အဖြစ်ပါ ရွေးချယ်ခံခဲ့ရသည်။

ကိုရီးယားအလှအပရေးရာ ကုန်အမှတ်တံဆိပ် Laneige ၏ ပထမဦးဆုံး ကမ္ဘာလုံးဆိုင်ရာ အမျိုးသားသံတမန်အဖြစ်လည်း Jin ကို ရွေးချယ်ထားသည်။ (SKY)

## Hip Hop နှင့် R & B အနုပညာရှင် RM & V ကို Billboard ၏ အာရှအနုပညာရှင်နှစ်ဦးအဖြစ် ဖော်ပြ

BTS အဖွဲ့ဝင်နှစ်ဦးဖြစ်သည့် RM နှင့် V ကို Billboard ၏ R & B /Hip Hop Honor Roll Power Player အာရှအနုပညာရှင်နှစ်ဦးအဖြစ် ဖော်ပြထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

RM (ခေါ်) ကမ်နမ်ဂျူးကို Hip Hop Power Player ၊ V (ခေါ်)ကင်ထယ်ယောင်းကို R & B Power Player အဖြစ် အာရှအနုပညာရှင်နှစ်ဦးဟု ၂၀၂၄ ခုနှစ်အတွက် Billboard တွင် ဖော်ပြထားသည်။

ကင်ထယ်ယောင်းမှာ တစ်ကိုယ်တော်ဂီတ အစပြုစဉ်ကပင် ကုမ္ပဏီအကူအညီမယူခဲ့ဘဲ K Pop ဘောင်အပြင်ထွက်ခဲ့ပြီး Love Me Again ကို R & B စစ်စစ်နှင့် ချပြခဲ့ခြင်းဖြစ်၍ အောင်မြင်မှုရရှိထားကာ ကင်နမ်ဂျူးကလည်း Hip Hop ဂီတနှင့် ပြီးပြည့်စုံစွာဖန်တီးထားသည့်အပြင် သူ၏ neva play ထဲမှ For Asia man, we paved the way နှင့် ကိုက်ညီစွာ မြင်တွေ့ခဲ့ကြရသည်။ (SKY)



## ကျန်းမာရေးလေ့ကျင့်ခန်း ပြင်းထန်စွာပြုလုပ်လျှင် အမျိုးသမီးများအတွက် ဆာလောင်မှုကိုလျှော့ချနိုင်မည်

ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာ ကျန်းမာရေးလေ့ကျင့်ခန်းကိုပြင်းထန်စွာပြုလုပ်လျှင် အမျိုးသမီးများအတွက် ဆာလောင်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း အမေရိကန်သုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း အင်ဒိုခရိုင်းအဖွဲ့အစည်းဂျာနယ်တွင် ဖော်ပြသည်။

လေ့ကျင့်ခန်းပြုလုပ်ခြင်း၏ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများအကြောင်းကို ဗာဂျီးနီးယားပြည်နယ် ချားလော့စ်ဗီးလ်မြို့ရှိ ဗာဂျီးနီးယားတက္ကသိုလ်နှင့် ဗာဂျီးနီးယား ကျန်းမာရေးစနစ်တက္ကသိုလ်မှ ကာရာအန်ဒါဆန်ဦးဆောင်သော သုတေသီများ စူးစမ်းလေ့လာခဲ့ကြသည်။ ထိုသို့လေ့လာရာမှ မိနစ်အနည်းငယ်အချိန်တိုအတွင်း မည်သည့်လေ့ကျင့်ခန်းကိုမဆို ပြင်းထန်စွာပြုလုပ်လျှင် အမျိုးသမီးများ၏ ဆာလောင်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။



ထိုလေ့ကျင့်ခန်းမျိုးသည် အမျိုးသမီးများ၏ ဆာလောင်မှုကို အားပေးသော ဟော်မုန်းဓာတ်များ တိုးပွားမလာအောင် ထိန်းချုပ်ပေးသဖြင့် ကိုယ်အလေးချိန်မြင့်တက်မလာအောင်လည်း ကူညီပေးနိုင်ဖွယ်ရှိသည်ဟု ဦးဆောင်သုတေသီ ကာရာအန်ဒါဆန်က ရှင်းပြသည်။ (SCI)

## Kareena Kapoor အနုပညာထူးချွန်ဆု ခြောက်ဆုရရှိထား

အိန္ဒိယ၏အင်အားအတောင့်ဆုံး ရုပ်ရှင်မျိုးရိုး ရာဂျ်ကပူး၏မျိုးဆက်မှ မင်းသမီး Kareena Kapoor သည် ရုပ်ရှင်ကားပေါင်း ၅၀နှင့် Film Fare အကယ်ဒမီဆု ခြောက်ဆုရရှိထားသူဖြစ်သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



Kareena Kapoor သည် ဥပဒေပထမနှစ်တက်ရင်း ကျောင်းထွက်၍ အနုပညာလောကသို့ ဝင်ရောက်ခဲ့ကာ Refugee နှင့် စတင်ခဲ့ပြီး ရိုဟော့ရိုရှမ်း၊ ရှာရွတ်ခန်းတို့နှင့်တွဲရန်ငြင်းဆိုခဲ့ကာ မင်းသားများနှင့်တန်းတူ အနုပညာကြေးအတူရမှ လက်ခံခဲ့သူ ဖြစ်သည်။

အိန္ဒိယအနုပညာလောကတွင် ကြေးအကြီးဆုံး ထိပ်တန်းမင်းသမီး ဆယ်ယောက်စာရင်းဝင်အဖြစ် ရပ်တည်နေကာ ၂၀၁၂ ခုနှစ်တွင် သူ့ထက်(၁၁)နှစ်ကြီးသည့် တစ်ခုလပ် ကလေးအဖေ ဆေ့ဖ်အလီခန်းနှင့်လက်ထပ်၍ ၂၀၁၆ခုနှစ်တွင် သားဦး၊ ၂၀၂၁ ခုနှစ်တွင် ဒုတိယကလေးမွေးဖွားပြီး အသက်၄၄နှစ်ရှိပြီဖြစ်ကာ ရုပ်ရှင်ကား(၅၀)တွင် ပါဝင်ထားပြီး အကယ်ဒမီခြောက်ဆု ရရှိထားသည်။ (SKY)

## Wang Yibo နှင့် Novak Djokovic တို့ မိုးထဲရေထဲ တင်းနစ်ကစားခဲ့



တရုတ်အနုပညာရှင် Wang Yibo နှင့် ကမ္ဘာကျော် တင်းနစ်ချန်ပီယံ Novak Djokovic တို့နှစ်ဦးကို Lacoste ပွဲတွင် မိုးထဲရေထဲ တင်းနစ်ကစားရန်စီစဉ်ပေးခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲသို့ သံတမန်တစ်ဦးအဖြစ် တရုတ်အနုပညာရှင် Wang Yibo တက်ရောက်ခဲ့ပြီး သူကြိုက်နှစ်သက်သည့် တင်းနစ်ကစားသမား ကမ္ဘာကျော်တင်းနစ်ချန်ပီယံ Novak Djokovic နှင့် မိုးထဲရေထဲ တင်းနစ်ကစားခဲ့ကြသည်။ ယင်းတင်းနစ်ကစားကွင်းမှာ မိုးရေများနှင့်ပြည့်နေပြီး နှစ်ဦးသား ဘောလုံးမပါဘဲ လေထဲတွင် တင်းနစ်ရိုက်၍ ကစားခဲ့ကြပုံမှာ ထူးဆန်းသောပြကွက်တစ်ခု ဖြစ်ခဲ့သည်။

ဘက်စုံကျွမ်းကျင်၍ နယ်ပယ်တိုင်းတွင်ထူးချွန်သည့် Wang Yibo က တင်းနစ်ချန်ပီယံနှင့်ပင် ရိုက်ချက်လှပမှုများကို ပြသသွား၍ ပရိတ်သတ်သဘောကျနေကြသည်။ (SKY)

## Gulf Kanawut က ကေပေါ့ပ်အနုပညာရှင်အကြောင်း ပြောကြားထား

ထိုင်းအနုပညာရှင် Gulf Kanawut က ကေပေါ့ပ်နာမည်ကျော်အနုပညာရှင်နှင့် တွေ့ဆုံခဲ့သည့်အကြောင်းကို အင်တာဗျူးတွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

Gulf Kanawut က ထိုင်းနိုင်ငံကိုယ်စားပြု Gucci သံတမန်အဖြစ် ပွဲတက်ရောက်ခဲ့ပြီး ကိုရီးယားကိုယ်စားပြုသံတမန် BTS မှ ဂျင်နှင့် ရင်းနှီးစွာတွေ့ဆုံခဲ့ကြောင်း၊ သူတို့နှစ်ဦးမှာ တစ်နေ့ထဲမွေးဖွားခဲ့ကြသူများ (ဒီဇင်ဘာ ၄ရက်)ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Gulf Kanawut သည် ဂျင်နှင့်တွေ့ဆုံခဲ့ပြီး ရင်းနှီးစွာ ခင်မင်ခဲ့ကြကာ ယခင်က ဗွီဒီယိုများတွင်သာတွေ့ရပြီး ယခုအပြင်တွင် ချောမောကြောင်း၊ သင်တန်းပြီးဆုံးခဲ့သော်လည်း အပြစ်ကင်း၍ပြီး ပြည့်စုံစွာချောမောသည်ဟု ချီးကျူးသွားခဲ့သည်။ (SKY)



## ဂါဇာကမ်းမြောင်၌ အစ္စရေးဘက်က စစ်ကိုရပ်တန့်ရန် ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အိုင်မန်ဆာဖာဒီ ပြောကြား



**လန်ဒန် အောက်တိုဘာ ၂၆**

ဂါဇာကမ်းမြောင်၌ အစ္စရေးဘက်က စစ်ကိုရပ်တန့်ရန် အောက်တိုဘာ ၂၅ ရက်က ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အိုင်မန်ဆာဖာဒီ ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်နှင့်တွေ့ဆုံစဉ် ၎င်းက ယင်းကဲ့သို့ ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ လူသားချင်းစာနာထောက်ပံ့ရေးအခြေအနေကိုကြည့်ပါက အစ္စရေးအနေဖြင့် ပါလက်စတိုင်းလူမျိုးစုများကို သုတ်သင်ရှင်းလင်းပစ်နေသည်ဟု မိမိတို့ထင်မြင်ယူဆမိကြောင်း ၎င်းက ထည့်သွင်းထောက်ပြသည်။

အရှေ့အလယ်ပိုင်း လွှန်းပျံသံခင်းတမန်ခင်း ၁၁ ကြိမ်မြောက် ခရီးစဉ်အဖြစ် အစ္စရေး၊ ကာတာနှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ သွားရောက်ခဲ့သည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင် လန်ဒန်မြို့သို့ဝင်ရောက်စဉ် ၎င်းတို့နှစ်ဦးတွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

အစ္စရေးသည် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း ဖျောင်းဖျပြောဆိုသည်ကိုမျှ နားခံခြင်းမရှိတော့ဟု ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အိုင်မန်ဆာဖာဒီ ဝေဖန်ပြောကြားကြောင်း သိရသည်။ **Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဟူစတန်မြို့တွင် အောက်တိုဘာ ၂၅ ရက်က ကျင်းပသော ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်၏ မဲဆွယ်စည်းရုံးပွဲ၌ ကာမာလာဟဲရစ်နှင့် ၎င်းကိုလာရောက်အားဖြည့်ပေးသော နာမည်ကျော်အဆိုတော် ဘီယွန်းဆေးတို့နှစ်ဦးကို တွေ့ရစဉ်။ **Mon**

## စစ်ဘက်ပစ်မှတ်များကို အစ္စရေးတိုက်ခိုက်ပြီးနောက် အီရန်ဘက်မှ အပစ်ရပ်ရန် အမေရိကန်တိုက်တွန်း



**ဝါရှင်တန် အောက်တိုဘာ ၂၆**

အီရန်နိုင်ငံရှိ စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို အစ္စရေးဘက်က အောက်တိုဘာ ၂၅ ရက်တွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ယင်းတိုက်ခိုက်မှုအပြီးတွင် အီရန်ဘက်က မတုံ့ပြန်ဘဲ အပစ်အခတ်ရပ်တန့်ရန် အမေရိကန်အစိုးရက တိုက်တွန်းပန်ကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစ္စရေး၏ပစ်ခတ်တိုက်ခိုက်မှုတွင် မိမိတို့ပါဝင်ပတ်သက်မှုမရှိဟု အမေရိကန်အစိုးရ ထိပ်တန်းအရာရှိများက ရှင်းလင်းပြောကြားသည်။

လွန်ခဲ့သော ဇူလိုင်လက ဟားမတ်စ်အုပ်စုခေါင်းဆောင် အစ္စမေးလ်ဟာနီယဲကို သုတ်သင်ရှင်းလင်းခဲ့သည့် အစ္စရေးကိုမကျေနပ်သဖြင့် အောက်တိုဘာ ၁ ရက်က အစ္စရေးနိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းရှိ လူနေထူထပ်သော အရပ်ဘက်ပစ်မှတ်များကို အီရန်က ဒုံးလက်နက်အစင်းရေ ရာနှင့်ချီ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထိုတိုက်ခိုက်မှုကို အစ္စရေးက လက်တုံ့ပြန်သည့်အနေဖြင့် အီရန်စစ်ဘက်ပစ်မှတ်များကို အကန့်အသတ်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ နှစ်ဖက်စလုံး ရပ်တန့်သင့်ပြီဟု ဗြိတိန်အစိုးရကလည်း တိုက်တွန်းခဲ့ကြောင်း သိရသည်။ **Mon**

## ဂါဇာကမ်းမြောင်တောင်ပိုင်းကို အစ္စရေးတိုက်ခိုက် လူ ၃၈ ဦး သေဆုံးကြောင်း ဟားမတ်စ် အတည်ပြု



**ဂျေရုဆလင် အောက်တိုဘာ ၂၆**

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းရှိ ခန်းယူနစ်မြို့ကို အောက်တိုဘာ ၂၅ ရက်က အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်ရာ လူ ၃၈ ဦး သေဆုံးသည်ဟု ဟားမတ်စ်ဘက်က အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဟားမတ်စ်ထောက်လှမ်းရေးကွန်ရက် အခြေစိုက်နေသော ခန်းယူနစ်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်နေရာရှိ ပစ်မှတ်များကို ဦးတည်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးဘက်က ထုတ်ပြန်ကြေညာသည်။

ဟားမတ်စ်တို့ လူပြန်စုကာ အင်အားဖွဲ့စည်းနေသည်ဟု သတင်းရသဖြင့် ဂျာဘာလီယာဒုက္ခသည်စခန်းကိုလည်း အစ္စရေးဘက်က တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။ **Mon**

## တူရကီကာကွယ်ရေးကုမ္ပဏီကို တိုက်ခိုက်ခဲ့သည်ဟု ကာဒစ္စတန်အလုပ်သမားပါတီက အတည်ပြုကြေညာ

**အန်ကာရာ အောက်တိုဘာ ၂၆**

တူရကီကာကွယ်ရေးကုမ္ပဏီကို မိမိတို့တိုက်ခိုက်ခဲ့သည်ဟု ကာဒစ္စတန်အလုပ်သမားပါတီက အောက်တိုဘာ ၂၅ ရက်တွင် တယ်လီဂရမ်မှတစ်ဆင့် အတည်ပြုကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် တူရကီတပ်ဖွဲ့များက ပီကေကေဟု အတိုကောက်ခေါ်ဝေါ်သော ကာဒစ္စတန်အလုပ်သမားပါတီမှ လက်နက်ကိုင်အုပ်စုနှင့်ဆက်နွယ်သော ပစ်မှတ်များကို အင်အားသုံး စစ်ဆင်တိုက်ခိုက်ခဲ့ကြသည်။

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ပီကေကေတို့၏ပစ်မှတ်များကို တူရကီဘက်က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဟာကွတ်၊ ဂါရာ၊ ကွန်ဒီလ်နှင့် ဆင်ဂျာမြို့များရှိ စခန်းများ၊ သိုလှောင်ရုံများနှင့် အခြားအသုံးအဆောင်များဆိုင်ရာ ပစ်မှတ် ၃၄ ခုကို မိမိတို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု တူရကီအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရသူက အတည်ပြုကြောင်း သိရသည်။ **Mon**





## မာရီယာနာဆည်ကျိုးပေါက်မှုနှင့်ပတ်သက်၍ သက်ဆိုင်သောကုမ္ပဏီနှစ်ခု လျော်ကြေးပေးရမည်

**ဘရာဇီးလီးယား အောက်တိုဘာ ၂၆**

၂၀၁၅ ခုနှစ်က ဖြစ်ပွားခဲ့သော မာရီယာနာဆည်ကျိုးပေါက်မှုနှင့်ပတ်သက်၍ သက်ဆိုင်သောကုမ္ပဏီများအနေဖြင့် လျော်ကြေးပေးရန် ဘရာဇီးအစိုးရဘက်က အစဉ်တစိုက်ဖိအားပေးခဲ့ရာ နောက်ဆုံးတွင် အဓိကသတ္တုတွင်းတူးဖော်ရေး ဖက်စပ်ကုမ္ပဏီနှစ်ခုဖြစ်သော ဗေးလ်နှင့် ဘီအိတ်ချ်ပီက လျော်ကြေးပေးပါမည်ဟု ဘရာဇီးအစိုးရထံ ဝန်ခံကတိစာချုပ် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဘရာဇီးလီးယားမြို့တော်ရှိ သမ္မတအိမ်တော်တွင် ထိုသို့ လက်မှတ်ရေးထိုးခဲ့ပြီးနောက် ထိုကုမ္ပဏီနှစ်ခုမှ တာဝန်ရှိသူများကို ရက် ၃၀ အတွင်း အမေရိကန်ဒေါ်လာ ၈၇၈ သန်း ပေးလျော်ရန် သမ္မတလူလစ်ဖ်အီနာရှိုလူလာဆီလ်ဗာက ထပ်လောင်းတောင်းဆိုခဲ့သည်။

မာရီယာနာမြို့အနီးရှိ မာရီယာနာဆည်ကြီးကျိုးပေါက်ခဲ့ခြင်းသည် ထိုဆည်နှင့်မလှမ်းမကမ်းတွင် သံရိုင်းတူးဖော်ထုတ်လုပ်ခဲ့သော အဆိုပါကုမ္ပဏီနှစ်ခုကြောင့်ဖြစ်သည်။

နစ်နာခဲ့ရသော မြို့သူမြို့သားပေါင်း ၆၂၀၀၀၀ ဦးတို့က ယင်းကုမ္ပဏီနှစ်ခုထံမှ လျော်ကြေးရလိုမှုဖြင့် ဘရာဇီးတရားရုံးအသီးသီးတွင် တိုင်တန်းခဲ့ကြောင်း သိရသည်။ **Mon**

## တစ်ကိုယ်တည်းအထီးကျန်မှုပြဿနာကြောင့် တောင်ကိုရီးယား၌ လူသေဆုံးမှု များပြားလာ

**ဆိုးလ် အောက်တိုဘာ ၂၆**

တစ်ကိုယ်တည်းအထီးကျန်မှုပြဿနာကြောင့် တောင်ကိုရီးယား၌ ယခုနောက်ပိုင်းတွင် လူသေဆုံးမှုများပြားလာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မိသားစုဝင်များ၊ မိတ်ဆွေအပေါင်းအသင်းများမှ ဝေးရာသို့ ရှောင်ပြီး တစ်ကိုယ်တည်းနေထိုင်ကြကာ ကွယ်လွန်ပြီးမှ ကျန်ရစ်သူမိသားစုများ သိခွင့်ရသည့်ဖြစ်ရပ်များ အရေအတွက်တိုးပွားလာသည်။

တောင်ကိုရီးယားအစိုးရက ထိုပြဿနာကိုဖြေရှင်းရန် အမေရိကန်ဒေါ်လာ ၃၂၇ သန်း သုံးစွဲသွားရန် လွန်ခဲ့သောအပတ်က အတည်ပြုလိုက်ကြောင်း သိရသည်။ **Mon**



**STOP AIDS**

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော



**ခန္တီး အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယမန်နေ့ နံနက် ၁၀ နာရီခွဲက ပြည်သူ့ဆေးရုံ၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေး ဟောပြောပွဲပြုလုပ်ရာ ကျန်းမာရေးဌာနက မူးယစ်ဆေးဝါးသုံးစွဲသူများ လျော့နည်းပပျောက်လာစေရန် နှစ်ပတ်လျှင်တစ်ကြိမ် ထုတ်ပေးလျက်ရှိသည့် မက်သာဒုန်း ဆေးရည်လာရောက်ထုတ်ယူကြသူများနှင့် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ခန္တီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းညွန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်မြင့်က မူးယစ်ဆေးဝါးစတင်ပေါ်ပေါက်လာပုံနှင့်ပတ်သက်၍လည်းကောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချနေမှုများနှင့် ပတ်သက်၍လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိလာမည့်ဆိုးကျိုးများနှင့်ပတ်သက်၍လည်းကောင်း၊ မူးယစ်ဆေးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုပေါင်းသင်းဆက်ဆံရေး ယိုယွင်းပျက်စီးလာမှုများနှင့်ပတ်သက်၍လည်းကောင်း အကျယ်တဝင့်ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ ခန္တီးခရိုင်ရဲတပ်ဖွဲ့ အကူလုံခြုံရေးတပ်ခွဲမှူး ရဲမှူး တင်မောင်ဆွေ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မက်သာဒုန်းဆေးရည် လာရောက်ထုတ်ယူသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် နံနက် ၁၀နာရီ မိနစ် ၅၀ က သက်သေများနှင့်အတူ ဟိုပုံးမြို့နယ်၊ ဟိုနမ့်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ နမ့်စန်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ဇော်မိုးလွင်(ခ)ဇော်လင်းဆိုသူ သယ်ဆောင်လာသည့် ရေခဲပုံးများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀၊ အိုက်စ်(မက်သ်အဖက်တမင်း)အလေးချိန်၄၀၀ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇော်မိုးလွင်(ခ) ဇော်လင်း(၄၀နှစ်)ဆိုသူအား ဟိုပုံးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်းသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## လွိုင်လင်မြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ည ၈ နာရီ မိနစ် ၄၀က သက်သေများနှင့်အတူ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပေါင်းလိုင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် နော်ထွန်းဆိုသူ မောင်းနှင်လာသည့် HONDA FIT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၆ ဂရမ်အားလည်းကောင်း၊ ည ၈ နာရီ ၄၅ မိနစ်က အဆိုပါနေရာ၌ စိုင်းပီးဆိုသူ မောင်းနှင်လာသည့် TOYOTA WISH အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water အလေးချိန် ၆၀၀ ဂရမ်၊ ကက်တမင်းအလေးချိန် ၁၀၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အားလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ထက်အောင်ဦးနှင့် မောင်မောင်ထွန်း(ခ)အားချိန်(ခ)အားမီ ဆိုသူတို့အား တောင်ကြီးမြို့၊ သစ်တောရပ်ကွက်တွင် HONDA FIT အမျိုးအစား မော်တော်ယာဉ် ၁ စီးနှင့် လက်ကိုင်ဖုန်း ၂ လုံးတို့အားလည်းကောင်း၊ မွန်းလွဲ ၂နာရီ ၄၅ မိနစ်က ထက်အောင်ဦးဆိုသူ တည်းခိုနေထိုင်သည့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁၂) ရပ်ကွက်ရှိ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၁ ဒသမ ၆၈ ကီလိုအားလည်းကောင်း ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နော်ထွန်း(၃၈)နှစ်၊ စိုင်းပီး(၂၅)နှစ်၊ ထက်အောင်ဦး(၂၅)နှစ်ဆိုသူနှင့် မောင်မောင်ထွန်း(ခ)အားချိန်(ခ)အားမီ(၃၂)နှစ်ဆိုသူတို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိ ကြောင်းသိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*



## ပခုက္ကူ-ရေစကြိုလမ်းနှင့် မင်းဘူးမြို့တို့တွင် သစ်ပင်လဲကျ၍ ရှင်းလင်းပယ်ရှားဆောင်ရွက်

**ပခုက္ကူ အောက်တိုဘာ ၂၆**

မကွေးဒေသကြီး၊ပခုက္ကူမြို့၊ ရွှေချောင်းရပ်ကွက်၊ ရေစကြိုလမ်းပေါ်တွင် အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီက လုံးပတ် ၅ပေ၊အမြင့် ၃၂ပေခန့်ရှိ ထနောင်းပင်သည် ပင်စည်ဆွေးမြေ့၍ လဲကျပြီး လမ်းမပေါ်တွင် သစ်ကိုင်းများ ပိတ်နေကြောင်း သတင်းရရှိသဖြင့် ပခုက္ကူခရိုင်နှင့် မြို့နယ်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်ယာဉ် တစ်စီး၊ ရှာဖွေကယ်ဆယ်ရေး သန္နိမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၂၃ရက် နံနက်၈နာရီမိနစ်၂၀က မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ကမ်းနားလမ်းတွင် သစ်ပင်လဲကျမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မင်းဘူးမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များဖြင့်ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

## အောင်မြေသာစံမြို့နယ်တွင် ဘက်ထရီမီးလုံးအားသွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် ဘက်ထရီမီးလုံးအား သွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်မှု



အောက်တိုဘာ ၂၄ ရက် ညနေ ၄ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါ ရပ်ကွက်အတွင်း (ပေ ၄၀ × ပေ ၃၀) နံကပ်နှစ်ထပ် အဆောက်အအုံ၏ နောက်တွင် အဖီဆွဲထားသော ၁၅ ပေ × ပေ ၃၀ သွပ်မိုးပျဉ်ထောင်၊ ပျဉ်ခင်း(၂)ထပ် အပေါ်ထပ်အိပ်ခန်းအတွင်း ဘက်ထရီအားသွင်းမီးလုံးအားသွင်းထားရာမှ အပူလွန်ကဲပြီး အနီးရှိ မွေ့ရာသို့ မီးကူးစက်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ မီးသတင်းအရ သိရသည်။

မီးသတင်းရလျှင်ရခြင်း တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ Level-1 အဆင့် ယာဉ်အုပ်စု မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် ၅ စီး၊ အုပ်ချုပ်မှုယာဉ် ၃စီးတို့နှင့်အတူ သန္နိမီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅နာရီကျော်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် အဖီဆွဲထားသော ၁၅ ပေ × ပေ ၃၀ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်းခင်း ၂ ထပ် အပေါ်ထပ်၊ ပေ ၄၀ × ပေ ၃၀ နံကပ် ၂ ထပ် အပေါ်ထပ်နှင့် ပေ ၄၀ × ပေ ၃၀ အောက်ထပ် နံကပ်နှင့် အပေါ်ထပ် သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း နှစ်ထပ် အပေါ်ထပ်တို့ မီးကူးစက်လောင်ကျွမ်းဆုံးရှုံးမှုများ ရှိခဲ့ကြောင်း မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

*-*-*-*-*

*-*-*-*-*-*

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ယင်းတိုက်ပင်ကျေးရွာအုပ်စု ညောင်းတံခါးကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (ညောင်းတံခါး) ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၆ ဦးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိပ်တော်ရပ်ကွက် ကထိန်တော်ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၀၉ ပါးနှင့် ဒေသခံပြည်သူ ၂၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေး နှစ်၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တန်ဖိုးမြင့် စားသောက်ကုန် (Bakery)ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးဝင်းဗိုလ်၊ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးနိုင်၊ မုန့်လုပ်ငန်းရှင်များ အစုအဖွဲ့ ဥက္ကဋ္ဌ ဦးပြေသိန်း၊ သင်တန်းနည်းပြများနှင့် ဖိတ်ကြားထားသူများ တက်ရောက်၍ တိုင်းဦးစီးမှူးက သင်တန်းဆင်းအဖွင့်အမှာစကားကိုလည်းကောင်း၊ မုန့်လုပ်ငန်းရှင်များအစုအဖွဲ့ ဥက္ကဋ္ဌက အားပေးစကားများကိုလည်းကောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီးနောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

**(မန္တလေးနေ့စဉ် ၄)**

## AFC ချဲလင့်လိဂ် အုပ်စု(D) ပွဲစဉ်များအတွက် ပွဲကြိုသတင်းစာ ရှင်းလင်းပွဲ ပြုလုပ်

အာရှဘောလုံးအဖွဲ့ချုပ် ကလပ်အသင်း ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် AFC Challenge League 2024-25 ပြိုင်ပွဲ၏ အုပ်စု(D) ပွဲစဉ်များအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်(၁၁း၃၀) နာရီက သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပခဲ့သည်။ အုပ်စု(D)တွင် ရှမ်းယူနိုက်တက်(မြန်မာ)၊ Young Elephants (လာအို)နှင့် တရုတ်တိုင်ပေမှ Tainan City FC အသင်းတို့ပါဝင်နေပြီး အောက်တိုဘာ ၂၇ ရက်၊ ညနေ(၄း၀၀)နာရီ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် Young Elephants အသင်းတို့ ပွဲဦးထွက် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အာရှ ဘောလုံးအဖွဲ့ချုပ်သည် AFC ချဲလင့်လိဂ် ပြိုင်ပွဲအား အရှေ့ဇုန်နှင့် အနောက်ဇုန်အဖြစ် ဇုန်(၂)ခု ခွဲကျင်းပနေခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းပါဝင်သည့် အရှေ့ဇုန်တွင် အုပ်စု(D) အသင်း(၃)သင်း၊ အုပ်စု(E)တွင် အသင်း(၃)သင်းပါဝင်ကာ အုပ်စု ပထမ၊ ဒုတိယ နှစ်သင်း ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

" ကျွန်တော်တို့ အသင်းအနေနဲ့ အုပ်စုပွဲစဉ်တွေရော၊ နောက်လာမယ့်ပွဲစဉ်တွေထက် မနက်ဖြန်စတင်ကစားရမယ့်ပွဲစဉ်ကိုပဲ အရင်ဆုံး အာရုံစိုက်ထားပါတယ်။ ပွဲတိုင်းက အရေးကြီးပါတယ်။ ဒီလိုအာရှအဆင့်ပွဲတွေမှာ အသင်းတိုင်းက သေသေချာချာ ပြင်ဆင်လာကြတာပါ။ ပြည်တွင်းလိဂ်နဲ့မတူညီတဲ့ ပြိုင်ဘက်နဲ့ မတူညီတဲ့ချဉ်းကပ်ပုံမျိုးတွေရှိပါတယ်။ ကျွန်တော့်ကစားသမားတွေကိုလည်း ဖိအားမဖြစ်စေချင်ပါဘူး။ သူတို့ လေ့ကျင့်ရေးမှာ ကောင်းကောင်းလုပ်နေသလို တက်တက်ကြွကြွရှိပြီး သူတို့ကိုယုံကြည်မှုလည်း ရှိထားပါတယ်။ သူတို့ အကောင်းဆုံး ကြိုးစားပြမှာပါ။ ကျွန်တော်တို့ အနိုင်ရဖို့ပဲကစားမှာပါ။ ဒီအတွက် ပရိသတ်ရဲ့ အားပေးမှုလည်းလိုပါတယ်။ အသင်းအပေါ် အားအင်ဖြစ်စေဖို့ ပရိသတ် ကွင်းထဲအရောက် လာအားပေးစေချင်ပါတယ်"ဟု နည်းပြချုပ် ဟီရိုကီအိုနို(ရှမ်းယူနိုက်တက်)က ပြောကြောင်းသိရသည်။

**(NGB)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### တရားဥပဒေနှင့်အညီဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "U Maung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဟံသာဝတီရပ်ကွက်နေ ဝင်းမောင်အား ညနေ ၆ နာရီ ၃၅ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

### ဆက်လက်ဖော်ထုတ်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၂ | - | ၁ | ဟော်စတိုင်း |
| လိုက်ပဇစ် | ၃ | - | ၁ | ဖရိုင်းဘတ် |
| အော့ဂ်စဘတ် | ၂ | - | ၁ | ဒေါ့မွန် |
| ဟိုဖင်ဟိုင်း | ၀ | - | ၀ | ဝုဖ်ဘတ် |
| ဝါဒါဘရီမင် | ၂ | - | ၂ | လေဗာကူဆင် |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၁ | - | ၀ | ဆောက်သမ်တန် |
| ဗီလာ | ၁ | - | ၁ | ဘုန်းမောက် |
| ဘရန့်ဖို့ဒ် | ၄ | - | ၃ | အစ်ဆွစ်ချ် |
| ဘရိုက်တန် | ၂ | - | ၂ | ဝုဖ် |
| အဲဗာတန် | ၁ | - | ၁ | ဖူလ်ဟမ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ပယ်လာဒိုးလစ် | ၁ | - | ၂ | ဗီလာရီးရဲလ် |
| ပယ်လက်ကာနို | ၁ | - | ၀ | အလာဗက်စ် |
| လာ့ပါးမက်စ် | ၁ | - | ၀ | ဂျီရိုနာ |

### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၁ | - | ၀ | လက်ချီ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| အန်ဂျီး | ၄ | - | ၂ | စိန့်အက်တီယန် |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေး

မန္တလေး အောက်တိုဘာ ၂၆

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ သုခမ္မာဇရပ်တန်း ၁၂ လမ်းနှင့် ၆၆ လမ်းကြား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေသည့်နေရာသို့ရောက်ရှိပြီး မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား၊ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိဘုရားဗုဒ္ဓပူဇနိယပွဲတော်များပြီး၍ ပွဲဈေးတန်းများမှ စည်းကမ်းမဲ့စွန့်ပစ်ကျန်ရှိခဲ့သည့် အမှိုက်သရိုက်များကို ရှင်းလင်းဆယ်ယူနေမှု၊ လမ်းမကြီးတစ်လျှောက် ရေများဖြင့်ဆေးကြောနေခြင်း၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရန် ကလိုရင်းခတ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ခြင်းဆေးငွေ့ဖျန်းခြင်းတို့ကို အင်အား ၄၅၀ ခန့်ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**













သတင်း-စာမျက်နှာ ၂၄



# လက်ရှိအချိန်တွင် ပြောင်းဈေးကွက် ကျဆင်းနေသော်လည်း ဝယ်လိုအားရှိသောကြောင့် တောင်သူများအနေဖြင့် ပြောင်းစိုက်ပျိုးသင့်သည်ဟု ဆို



ပြောင်းစိုက်ပျိုးမှုတွင် စိုက်ဧကအနည်းငယ်လျော့နည်းခဲ့ပြီး လက်ရှိ ဈေးကွက်တွင် ပြောင်းဈေးမှာ ယခင်လများထက် တစ်ပိဿာ ငွေကျပ် ၃၀၀ ဝန်းကျင် ကျဆင်းနေသော်လည်း ဈေးကွက်ဝယ်လိုအားရှိနေသောကြောင့် တောင်သူများအနေဖြင့် ပြောင်းစိုက်ပျိုးသင့်ကြောင်း ပြောင်းလုပ်ငန်းရှင်တစ်ဦးက အကြံပြုထားသည်။

ပြောင်းသည် တိရစ္ဆာန်အစားအစာနှင့် စက်မှုကုန်ကြမ်းအတွက် ဝယ်လိုအားများပြားခြင်းဖြင့် ဈေးကွက်ခိုင်မာမှုရှိသောကြောင့် ခြောက်သွေ့အောင်ထားရှိ၍ ဈေးကွက်စောင့်ပြီး ရောင်းချနိုင်သည့် သီးနှံဖြစ်သည်ဟု ဆိုသည်။

"ဈေးကျသွားရတဲ့ အကြောင်းအရင်းက ဒေါ်လာဈေးက အရင်ထက် ၁၄၀၀ လောက်ကျဆင်းသွားတာရယ်၊ အစိုဓာတ်ကျန်လို့ ဈေးကောင်းမရတာမျိုးဖြစ်သွားတယ်။ ပြောင်းဈေးက ၁၈၀၀ လောက်ကနေ ၁၅၀၀ ပဲရှိတော့တယ်။ ပြည်ပနဲ့ ပြည်တွင်းဝယ်လိုအားကောင်းသလို ခြောက်သွေ့အောင်ထားပြီး ဈေးကွက်စောင့်ရောင်းနိုင်သလို လာမယ့်ပြောင်းဈေးကွက်က တစ်ပိဿာ ၁၅၀၀ အောက်ခံဖြစ်နိုင်လို့ စိုက်ပျိုးသင့်တဲ့သီးနှံပါ"ဟု ၎င်းကပြောသည်။

မြန်မာ့ပြောင်းကို ပြည်ပ ထိုင်းနိုင်ငံသို့ အဓိက တင်ပို့ရပြီး အိန္ဒိယ၊တရုတ်နိုင်ငံများသို့လည်း တင်ပို့ရသည့်အပြင် ပြည်တွင်း တိရစ္ဆာန်အစာထုတ်လုပ်သူများက တစ်နှစ်ပတ်လုံး တန်ချိန်တစ်သန်းခန့် ပုံမှန်ဝယ်လိုအားရှိနေကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စက်တင်ဘာလထိ ပြောင်းတန်ချိန် ၂ ဒသမ ၅၄ သိန်းကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၆၆ သန်းရရှိခဲ့သည်။

"မနှစ်က ပြောင်းဈေးက ဒီနှစ်လောက်မရကြဘူး။ ဇန်နဝါရီကနေ မတ်လထိက ပြောင်းတစ်ပိဿာ ငွေကျပ် ၁၁၀၀ ဝန်းကျင် ပဲရတော့ ဈေးမကိုက်ကြဘူး။ ပြောင်းအများဆုံး စိုက်ကြတဲ့ ရှမ်း(တောင်)၊ရှမ်း(မြောက်)တွေမှာ မိုးကောင်းလွန်းတာရယ်၊ ဧရာဝတီတိုင်းဘက်က ပြောင်းပေါ်ချိန်မှာ ဈေးကောင်းမရလိုက်တာရယ် ကြောင့် ပြောင်းစိုက်ပျိုးမှုနည်းသွားတယ်။ ထိုင်းဘက်က ဝယ်တဲ့အချိန်ဆိုရင် ဈေးမြင့်လာသလို သူတို့ဘက်ကလည်း ဈေးကောင်းပေးဝယ်တယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ (ဓဝံ)

ပုံမှန်ပြောင်းဈေးကွက်အရ ထိုင်းနိုင်ငံနှင့် ပြည်ပမှ ဝယ်ယူချိန်တွင် အမြင့်ဈေးရရှိနိုင်ပြီး ယခုအချိန်တွင် ဧရာဝတီ တိုင်းဒေသကြီးဘက်၌ ဆောင်းသီးနှံများ ရိတ်သိမ်းချိန်ဖြစ်၍ ရိတ်သိမ်းပြီးပါက ပြောင်းစိုက်ပျိုးလျှင် ဈေးကွက်ကောင်း ရရှိနိုင်သကဲ့သို့ အခြေခံပြောင်းဈေးမှာ တစ်ပိဿာ ငွေကျပ် ၁၅၀၀ ဝန်းကျင် ရှိနိုင်သဖြင့် ဈေးကွက်အလားအလာကောင်းမွန်ကြောင်း ပြောင်းလုပ်ငန်းရှင်အချို့က သုံးသပ်သည်။

(မန္တလေးနေ့စဉ်-ဇ)



## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကန့်ဘလူ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ကျောင်းသား၊ ကျောင်းသူများ စာပေဗဟုသုတ တိုးပွားလာရေး၊ ဘက်စုံထူးချွန်သော ကျောင်းသားလူငယ်များ ဖြစ်လာစေရေး၊ မိမိရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်နှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး စာအုပ်စာစောင်များ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာများကို ကျောင်းသား၊ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၀)



## ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များပါဝင်ကူညီ

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် မိုးရာသီအကုန်ကာလ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် မြို့နယ်ကြက်ခြေနီ စေတနာလုပ်အားရှင်များက ပါဝင်ကူညီလျက်ရှိရာ အောက်တိုဘာ ၂၃ ရက်က ပုသိမ်ကြီးမြို့နယ် သရက်တောကျောင်းတိုက်နှင့်ဥယျာဉ်စာသင်တိုက်တို့တွင်လည်းကောင်း၊ အမရပူရမြို့နယ်၊မဟာဂန္ဓာရုံကျောင်းတိုက်၊ အထက(၁)၊ အထက(၂)၊ ကျုန်တန်းရပ်ကွက်နှင့် မူလွန်ကျောင်း၊ စာတိုးမြို့ပြင်ကြီးတို့တွင်လည်းကောင်း၊ ပျော်ဘွယ်မြို့နယ်ရှိ ရပ်ကွက်များတွင်လည်းကောင်း၊ ကျောက်ဆည်မြို့နယ်၊အေးမြကြည်လင်ရပ်ကွက်တွင်လည်းကောင်း၊ သာစည်လေးကျေးရွာနှင့်ကျောက်ပန်းကုန်းကျေးရွာတို့တွင်လည်းကောင်း၊ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် အသိပညာပေးခြင်း၊ကလိုရင်းဆေးခတ်ခြင်း၊ရေသန့်ဆေးပြားနှင့် ဓာတ်ဆားထုတ်များပေးဝေခြင်းလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပါဝင်ကူညီခဲ့ကြကြောင်း သိရသည်။ (ဝ၄၅)

အသက်သည်
ချွေး၊
ချွေးသည်
အသက်။



## ဆောင်းသီးနှံ ပဲမျိုးစုံ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးရန် လျာထား

**ကျွန်းလှ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ရာသီအလိုက် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ်ဆောင်းရာသီ၌ ပဲမျိုးစုံ ဧက ၁၉၀၀၀ ကျော်စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံစိုက်ပျိုးမှုအဖြစ် မတ်ပဲ ၁၁၇၂၅ ဧက၊ စားတော်ပဲ ၅၂၅၅ ဧက၊ ပဲရာဇာ ၄၂၉ ဧက၊ စွန်တာပြာ ၂၁၃၁ ဧက၊ ကုလားပဲ ၂၃၉ ဧက၊ ထောပတ်ပဲ ၁၈ ဧက တို့ကို စိုက်ပျိုးရန် လျာထားသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ်ဆောင်းရာသီ ပဲမျိုးစုံစိုက်ပျိုးဖို့ ၁၉၇၉၇ ဧကလျာထားတယ်။ ပဲမျိုးစုံကို ဆောင်းရာသီမှာ အဓိကထား စိုက်ပျိုးကြပါတယ်။ သီးထပ်သီးညှပ်စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ပဲမျိုးစုံစိုက်ပျိုးကြသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၄၈၀)

## အင်ဒိုနီးရှားကို မြန်မာ့ဆန်ဖြူ တန်ချိန် ၁၂၀၀၀၀ကျော် တင်ပို့ခွင့်ရ

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံပိုင် စားနပ်ရိက္ခာဝယ်ယူရေးအေဂျင်စီ Bulog က မြန်မာနိုင်ငံကို ဆန်ဖြူတန်ချိန် ၁၂၁၁၀၀ တင်ပို့ခွင့်တင်ဒါပေးအပ်ထားကြောင်း S & P Global ရဲ့ စိုက်ပျိုးစီးပွားသတင်းလွှာမှာ ဖော်ပြထားသည်။

အင်ဒိုနီးရှား Bulog က ဝယ်ယူမယ့် ဆန်ဖြူ ၅ မှတ်ဆန်အတွက် တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၃၉ ဒသမ ၃၄မှ ၅၇၄ ဒေါ်လာ သတ်မှတ်ထားသည်။

မြန်မာနိုင်ငံကနေ တင်ပို့ခွင့်တင်ဒါကို လက်ခံဆောင်ရွက်ပါက သတ်မှတ်ဈေးနှုန်းအတွင်းကနေ တန်ချိန် ၁၂၀၀၀၀ ကျော်ကို လေးသုတ်ခွဲ ပို့ပေးရမည်ဖြစ်သည်။

ကုန်သွယ်မှုသတင်းအရင်းအမြစ်တွေ၏ ပြောဆိုချက်အရ မြန်မာနိုင်ငံကနေ တင်သွင်းမည့် လေလံဈေးနှုန်းက အနိမ့်ဆုံးဖြစ်ပြီး ထိုင်းနိုင်ငံ၏ ဆန်ဈေးနှုန်းက အမြင့်ဆုံးဖြစ်သည်။

Bulog ၏ နောက်ဆုံးတင်ဒါမှာ ပါကစ္စတန်နိုင်ငံက ဆန်ဖြူတန်ချိန် ၂၃၈၁၀၀ အထိ အများဆုံး တင်ပို့ခွင့်ရရှိထားပြီး မြန်မာနိုင်ငံကို တန်ချိန် ၁၂၁၁၀၀၊ ဗီယက်နမ်ကို တန်ချိန် ၅၉၀၀၀နဲ့ ထိုင်းကို တန်ချိန် ၃၁၈၀၀ တင်ပို့ခွင့်ပေးထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရ ယခုဘဏ္ဍာနှစ် ခြောက်လတာအတွင်း ပြည်ပဝယ်လက်နိုင်ငံတွေထံ ဆန်နဲ့ဆန်ကွဲ တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၅၈ သန်း ရရှိထားသည်။



ဆန်နှင့် ဆန်ကွဲအမျိုးအစားနှစ်ခုထဲက ဆန်တင်ပို့မှုကို ကြည့်ရင် ပြည်ပ ၁၅ နိုင်ငံက အဓိကဝယ်လိုအားရှိပြီး ၎င်းတို့ထဲမှ အင်ဒိုနီးရှားနှင့် တရုတ်တို့က အများဆုံး ဝယ်ယူသူတွေအဖြစ် ရှိနေသည်။

ဆန်ကွဲကိုတော့ ပြည်ပနိုင်ငံ ၁၃ ခုကနေ အများအပြားဝယ်ယူလျက်ရှိပြီး တရုတ်၊ ဘယ်လ်ဂျီယံနှင့် အင်ဒိုနီးရှားနိုင်ငံတွေကနေ အများဆုံး ဝယ်ယူလျက်ရှိတာကို စာရင်းများအရ သိရသည်။ (အပေါ်ပုံ)

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄ ဧပြီလမှ ၂၀၂၅မတ်လအထိ ဘဏ္ဍာနှစ်အတွင်း ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ဖို့ ရည်မှန်းထားကြောင်း သိရသည်။

**ရွှေမန်း**

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၉၃)

## သွယ်အောင်

တစ်ရက် ညနေခင်းမှာ အိမ်ရှေ့အရိပ်ရစေဖို့ သစ်ပင်စိုက်နေစဉ် အောင်ဘညိုနှင့် ဧည့်သည် တစ်ယောက် ကျွန်တော့်အိမ်ကို ရောက်လာသည်။ ကျွန်တော်က အောက်ကိုငုံ့ပြီး သစ်ပင်စိုက်နေသဖြင့် အောင်ဘညိုတို့ ရောက်နေမှန်းမသိ ကျွန်တော့် အမည် ခေါ်သံကြား၍ မော့ကြည့်လိုက်တော့မှ အောင်ဘညိုမှန်း သိရတော့သည်။

" ဟေး… သွယ်အောင် … ဘာလုပ်နေတာလဲ "

" ဟား… အောင်ဘညို … သစ်ပင်စိုက်နေတာလေ၊ ရန်ကုန်က ဘယ်နေ့က ပြန်ရောက်တာလဲ၊ ဧည့်သည်လည်း ပါလာတာကိုး"

" အေး… ငါ မနေ့က ရောက်တာ၊ ဒါ… ကဗျာဆရာ၊ ဇာတ်ညွှန်းဆရာ မြမြင့်မိုရ်ပဲ၊ အမည်ရင်းက ဦးလှမြင့်"

ကျွန်တော်က အောင်ဘညို မိတ်ဆက်ပေးသောသူကို သေချာကြည့်လိုက်တော့ ကိုယ်ခန္ဓာ ခပ်ထွားထွား၊ တောင့်တောင့်တင်းတင်းနှင့် ကဗျာ မဆန်သော ကဗျာဆရာတစ်ဦးဖြစ်နေ၍ အံ့သြစွာ ကြည့်ပြီး သူနှင့် လက်ဆွဲနှုတ်ဆက်ကာ ဝမ်းသာစကား ဆိုလိုက်သည်။

" ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော် သွယ်အောင်ပါ"

" ဟုတ် ကိုသွယ်အောင် ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ်" ဟု ဧည့်သည်ဆီမှ စကားသံပြန်ကြားရသည်။ ကျွန်တော်နှင့် ကဗျာဆရာ မြမြင့်မိုရ် အပြန်အလှန် နှုတ်ဆက်စကားဆိုနေစဉ် အောင်ဘညိုက ကျွန်တော့်ဆီ လာရသည့် လိုရင်းအချက်ကို ပြောသည်။

" သွယ်အောင်ရေ … နင့်ဆီက ကဗျာစာမူ လာတောင်းတာ၊ ကဗျာ၊ မဂ္ဂဇင်းတစ်အုပ်လုပ်ဖို့ ငါစီစဉ်နေတယ်။ နောက်ပြီး ဒီဆရာ မြမြင့်မိုရ်လည်း ပိတောက်ပွင့်သစ်မဂ္ဂဇင်းထုတ်ဝေဖို့ စိုင်းပြင်းနေကြတယ်။ သူ့အတွက်လည်း ကဗျာတွေပေးဦး၊ ကဗျာကို ဦးစားပေးထုတ်မှာ" ဟု အောင်ဘညိုဆီမှ စကားအရှည်ကြီး ကြားရသည်။

" ဂန္ထဝင်လား၊ မော်ဒန်လား "

" မော်ဒန် ခေတ်ပေါ်ကဗျာကို ဦးစားပေးမှာ" ကဗျာအပြင် ကဗျာနဲ့ဆိုင်တဲ့ ဆောင်းပါးတွေ၊ စာတမ်းတွေလည်း ထည့်မှာ"

" ကောင်းသားပဲ၊ ကြိုဆိုပါတယ်၊ ကဗျာက ဘယ်နေ့ ပေးရမှာလဲ"

" ဘယ်နေ့တွေ ဘာတွေ လုပ်မနေနဲ့ အချိန်မရှိဘူး၊ မင်းကဗျာရေးပြီးသားရှိရင် ခုတစ်ခါတည်း ကဗျာယူသွားမယ်။ စာအုပ်က ကိုဝင်းဆောင်၊ ကိုဘဂျမ်း၊ ကိုခင်အောင်ဝင့်၊ ကိုညီထွေး(ဒုတိယချစ်သူ)တို့က ငွေစိုက်ထုတ်ကြမှာ။ ငါက ကဗျာတွေ လိုက်စုစည်းပြီး စာအုပ်ဖြစ်ဖို့ တာဝန်ယူထားတာ၊ စာအုပ်မျက်နှာဖုံးကို ပန်းချီ စိုးဝင်းငြိမ်း အကူအညီတောင်းထားတယ်၊ စာအုပ်ဖြန့်ချိဖို့ နဂါးစာပေနဲ့ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းကို ပြောထားတယ်"



တက်ကြွနေသော အောင်ဘညိုကို ကြည့်ပြီး ကျွန်တော့်ကဗျာကို တစ်ခါတည်း စောင့်ယူသွားဖို့ ပြောလိုက်သည်။

" အေးပါ … ဒါဆို ငါ့ကဗျာ တစ်ခါတည်း ယူသွားလိုက်တော့"

" အဲလို လုပ်စမ်းပါ"

ကျွန်တော်က ဧည့်သည် ကိုမြမြင့်မိုရ်ဘက် လှည့်ပြီး "ဆရာ ပိတောက်ပွင့်သစ် မဂ္ဂဇင်းအတွက် ပို့ရမယ့်လိပ်စာ ပြောပေးခဲ့ဦး၊ ကဗျာအသစ်ရေးပေးချင်လို့ပါ" ဟု ပြောရသည်။

" ဟုတ် … ရပါတယ် ကိုသွယ်အောင် ကျွန်တော့်မဂ္ဂဇင်းက အေးဆေးပါ။ ဆရာမောင်စိမ်းနီ ဦးဆောင်မှာ ကျွန်တော်က ကဗျာစာမူအတွက် သူငယ်ချင်းတွေနဲ့ ဝိုင်းလုပ်မှာ တာဝန်ခံအယ်ဒီတာပါ၊ လိပ်စာက စာတည်းအဖွဲ့၊ ၈၁၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်ကို လှမ်းပို့ရင် ရပြီ"

" ဟုတ်ကဲ့… ကျေးဇူးပါ ဆရာ မြမြင့်မိုရ်"

" ဩော်… ကျွန်တော့် ပိတောက်ပွင့်သစ် မဂ္ဂဇင်းက လစဉ်ပုံမှန်ထွက်မှာနော်၊ ၁၉၉၁၊ မတ်လ ၂၇ ရက်ကစပြီး ထွက်မှာ ခင်ဗျား ကဗျာတွေ ဆက်တိုက်ပို့ဖြစ်အောင် ပို့ပေးပါ"

" စိတ်ချပါဗျာ၊ ကျွန်တော် မပျက်မကွက် လှမ်းပို့ပေးပါမယ်"

အောင်ဘညိုနှင့် ကိုမြမြင့်မိုရ်တို့အား ခဏ စောင့်ခိုင်းထားပြီး အောင်ဘညိုအတွက် ရေးပြီးသား ကဗျာတစ်ပုဒ်ကို စာရွက်အလွတ်တွင် အချောရေးပေးလိုက်သည်။

**အစိမ်းခြွေတဲ့လေ**

* **အဲဒီလိုနဲ့ပဲ**
**မြေကြီးကို ခြေထောက်နှစ်ချောင်းနဲ့**
**ကျားကန်လို့**
**နေ့သစ်တစ်ခု မွေးဖွားခဲ့တယ်။**

* **ဦးခေါင်းအောက်မှာတော့**
**အနန္တမိုးကောင်းကင်ဟာ**
**စံပယ်တွေ ပေါက်ပေါက်ကြဲလို့**
**ညကို ...**
**ပျက်ရယ်ပြုနေတယ်။**

* **ဒါနဲ့ပဲ**
**သစ်စေ့တွေ အပင်ပေါက်**
**သစ်ရွက်တွေ မိုးရေချိုး**
**သစ်သီးတွေ နေစာလှုံခဲ့ကြတယ်။**

* **အမှည့်လွန် သစ်သီးနဲ့**
**အရွယ်လွန်သက်ကြီးသစ်ရွက်အိုတွေဟာ**
**နေညိုရင်**
**လိုရာခရီးသွားကြမှာ**
**လောက ဓမ္မတာတစ်ခုပါပဲ။**

* **အခုဆိုရင်**
**ရာသီရထားဟာ**
**ရာဇဝင်လှေကားပေါ်ကို**
**တွားသွားသတ္တဝါလို တက်လာခဲ့ပြီ။**

* **အလို ...**
**ဟိုမှာ ...**
**ပုရစ်ဖူးရွက်သစ်တွေနဲ့**
**သီးကင်းနုနု သစ်သီးတွေ**
**မြေပေါ်မှာ ပြန့်ကြဲ**
**တုံးလုံးပတ်လက် လဲနေလိုက်ကြတာ**
**ကျောက်စိမ်းတုံးတွေလား ...**
**ပုလဲလုံးတွေလား ...**
**ထင်မှတ် မှားလောက်ရဲ့ ။ ။**

**သွယ်အောင်**

"အစိမ်းခြွေတဲ့လေ" ကဗျာကို ကျွန်တော်ရေးဖွဲ့ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပေပြီ။ ၁၉၈၈ အကုန် ၁၉၈၉ ခုနှစ်ကတည်းက ရေးဖွဲ့ထားပြီး မည်သည့် မဂ္ဂဇင်းကိုမျှ ပေးပို့ခြင်းမရှိဘဲ စာအုပ်ထဲရေးကာ အမှတ်တရအဖြစ် သိမ်းဆည်းထားသော ကဗျာလည်း ဖြစ်သည်။ အောင်ဘညို ကဗျာမဂ္ဂဇင်း လုပ်မည်ဆို၍ ထိုကဗျာကို ပေးလိုက်ခြင်း ဖြစ်ပါသည်။

အောင်ဘညို ရန်ကုန်ပြန်သွားပြီးနောက် သူ၏ ကဗျာမဂ္ဂဇင်းမှာ တော်တော်နှင့် ထွက်မလာခဲ့ပေ။ ကိုမြမြင့်မိုရ်၏ "ပိတောက်ပွင့်သစ်" ကဗျာမဂ္ဂဇင်းမှာ "ပြည်သူချစ်လျှင် ကမ္ဘာ့ဦးတင်မည်" ဟူသော မဂ္ဂဇင်း၏ ကြွေးကြော်သံနှင့်အတူ ၁၉၉၁၊ မတ်လ ၂၇ ရက်တွင် ထွက်ရှိလာကာ စာအုပ်အရောင်းဆိုင်များပေါ်တွင် ပိတောက်ပွင့်သစ် ကဗျာမဂ္ဂဇင်းကို တွေ့ရှိရလေသည်။

ပိတောက်ပွင့်သစ်ကဗျာမဂ္ဂဇင်း သေချာပေါက် ထွက်ရှိလာသောကြောင့် "ဆာလောင်ခြင်း" ဆိုသော ခေတ်ပေါ်ကဗျာတစ်ပုဒ်ကို ရေးဖွဲ့ပြီး ကိုမြမြင့်မိုရ်ဆီ စာတိုက်မှတစ်ဆင့် လှမ်းပို့လိုက်သည်။



မကြာပါ။ ကျွန်တော်၏ ကဗျာ(၃)အုပ်မြောက်ဖြစ်သော မေလထုတ် ပိတောက်ပွင့်သစ် ကဗျာမဂ္ဂဇင်းတွင် အဖွင့်စာမျက်နှာမှာ ပုံနှိပ်ဖော်ပြခြင်း ပါရှိခဲ့သည်။ မျက်နှာဖုံးပန်းချီ မျိုးမြင့်၏ သရုပ်ဖော်ပုံနှင့် ဖြစ်သည်။

"ပိတောက်ပွင့်သစ်" မဂ္ဂဇင်း၏ ပုံနှိပ်မှတ်တမ်းမှာ ဤသို့ဖြစ်သည်။ ၁၉၉၁၊ မေလ (စာတည်းအဖွဲ့)မောင်စိမ်းနီ၊ မြမြင့်မိုရ်၊ ဟန်ဇော်ထွန်း၊ ပန်းချီ တင်ထွဏ်း၊ (အုပ်ချုပ်ရေးမှူး)မျိုးမျိုးယဉ်၊ (မျက်နှာဖုံးရှင်)စိုးမြတ်ကလျာ၊ (ပန်းချီ)မျိုးမြင့်၊ (အရောင်ခွဲ)လူမင်း၊ (ဓာတ်ပုံ)ကျော်ဆန်း(လပ်ကီး)၊ ရွှေဖီး၊ ဇော်ဇော်၊ စိုးစိုး၊ သန်းငွေမောင်၊ (အတွင်းဖလင်) ကိုထွန်းဆိုင်၊ အေးကျော်၊ ကိုသူသ ဟု ဖော်ပြထားသည်။



## Miss Grand International 2024 ပွဲကြီးမှာ 2nd runner up ဆုရရှိသွားတဲ့ သဲစုငြိမ်း

ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့မှာ အောက်တိုဘာ ၂၅ ရက်မှာ ကျင်းပခဲ့သည့် Miss Grand International 2024 ပွဲကြီးမှာ မြန်မာကိုယ်စားပြုအလှမယ် သဲစုငြိမ်းက 2nd runner up ဆုကြီးကို ရရှိခဲ့သည်။

ပြိုင်ပွဲကာလတစ်လျှောက်လုံးမှာ အသက်(၁၈)အရွယ်သာရှိပေမယ့် သူမရဲ့ သွက်လက်ပြီး ဘာသာစကားကျွမ်းကျင်မှုနဲ့ ဖက်ရှင်တွေကြောင့် မြန်မာ ပရိသတ်တင်မကဘဲ နိုင်ငံတကာပရိသတ်ကြားမှာပါ ရေပန်းစားခဲ့ပြီး ပရိသတ် စိတ်ဝင်စားမှုကို ရရှိခဲ့သည်။

အောက်တိုဘာ ၂၀ ရက်မှာ ကျင်းပခဲ့သည့် Miss Grand International ပွဲ၏ National Costume ပြိုင်ပွဲမှာ ဗိသနိုးဘုရင်မဝတ်စုံဖြင့် ပြိုင်ပွဲဝင်ခဲ့ပြီး ဝတ်စုံအပြင်အဆင်၏ ခမ်းနားမှုနှင့် သဲစုငြိမ်း၏ သရုပ်ပြပီပြင်မှုကြောင့် ပရိသတ်များ၏ အားပေးဝန်းရံမှုအများအပြားနှင့် ချီးကျူးစကားများစွာ ရရှိခဲ့သည်။

Miss Grand International 2024 ဆုကြီးကို အိန္ဒိယအလှမယ်က လည်းကောင်း၊ 1st runner up ဆုကို ဖိလစ်ပိုင်အလှမယ်ကလည်းကောင်း၊ 2nd runner up ကို မြန်မာအလှမယ် သဲစုငြိမ်းကလည်းကောင်း ရရှိခဲ့ခြင်း ဖြစ်သည်။

ရွက်နုဝေ




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သာစွဌာနေ မန္တလာမြေ

* နီကျင်ကျင် နန်းမြို့ရိုး
ပြအိုးနှင့် ပစ္စင်
ကျုံးရေပြင် ဝန်းရံခလို့
လှပပြေလွင် ။

* သမိုင်းတင်ကာပင်
ရေးယခင် နှစ်ရှည်ညောင်းကတည်းက
နေချင့်စဖွယ် အစဉ်
မန်းတောင်ခြေ မြရိပ်မိုးသည်မို့
တိုးလို့ စည်ပင် ။

* ရတနာပုံဥယျာဉ်
လာချင်လေ အနီးလေး
ရေနဒီကျုံးရေဝန်းလို့
မြန်းခဲ့ပါ မနေး ။

* အရှေ့ဘက်တစ်ခွင်
လှမ်းမျှော်လျှင် ရှမ်းတောင်တန်းနှင့်
လွမ်းမောဖွယ်ပင်
မြူနှိုးတွေဝေဝေလွင်
ရှုချင်ဖွယ်ပန်းချီအလား
စိတ်အစဉ် လန်းရွှင်သွားအောင်
ပြုရက်နိုင်အား ။

* နန်းဦးလွင် ကန်လယ်ထူး
ကြာငုံဖူးတွေက ခူးမကုန်
ကျေးငှက်စုံပျော်ကာမြူး
ထူးခြားလှပုံ
ကန်တီလီ မည်ဂုဏ်ဆောင်သည်
အောင်ပင်လယ်ကန်ထိပ်နား
လယ်ကွင်းတွေ စိမ်းစိုလန်းလို့
ရှုလှည့်ပါလား ။ ။

နိုင်ဗလ

## ရုပ်ရှင်အကျဉ်းကဏ္ဍ




### ဗိုက်

ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ဒီတစ်ပတ်မှာတော့ ဟာသရုပ်ရှင်ဇာတ်ကားကိုမှ နှစ်သက်သူတွေအတွက် "ဗိုက်" ဟာသရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

"ဗိုက်" ရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာ စိုးမိုးမင်း၊ Art Director နေသူရိန်၊ အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေး၊ ဇာတ်လမ်း ရာဇဝင်၊ ဇာတ်ညွှန်း ကြယ်စုသစ်တို့က ရိုက်ကူးပုံဖော်ထားပြီး၊ ရုပ်ရှင်သရုပ်ဆောင် ကျော်ထက်အောင်၊ ရှင်မွေလ၊ ဝီလီ၊ ကြယ်စင်ဖြူ၊ လီလီကျော်ခိုင်၊ ချောကလျာ၊ မြတ်ကေသီအောင်၊ နေဆန်း၊ မမဆောင်း၊ ဆင်မ၊ သွက်လက်၊ ငှက်ပျောကြော်၊ သူဇာဝင်းတို့က ပါဝင်သရုပ်ထားပြီး အခြားနာမည်ကြီး ဟာသသရုပ်ဆောင်များစွာနဲ့အတူ ဟာသရသမြောက်အောင် ရိုက်ကူးတင်ဆက် ထားပါတယ်။

တောထဲ မျက်စိလည်လမ်းမှားလာတဲ့ သူငယ်ချင်းသုံးယောက် မိစိမ်းနဲ့တွေ့ပြီး ဘယ်လိုအမှားတွေကြောင့် ဗိုက်ကြီးသွားရလဲ ဆိုတာကို ရယ်မောပျော်ရွှင်စွာ ကြည့်ရှုခံစားရမယ့် ဟာသဇာတ်ကားတွေကို ကြည့်ရှုချင်ရင်တော့ မန္တလေးမြို့မှာဆိုရင်တော့ Win Light Cinema, Mingalar Masoeyein Complex,Mingalar Central Point, Mingalar Cinema Yama (Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

ရွက်နုဝေ

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဥရောပပြိုင်ပွဲ(၃)ရပ်မှာ အင်္ဂလန်အသင်းများ ရှုံးပွဲမရှိသေး



၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဥရောပပြိုင်ပွဲ(၃)ရပ်စလုံးမှာ အင်္ဂလန်ကလပ်(၇)သင်းစလုံး လက်ရှိအချိန်ထိ ရှုံးပွဲမရှိအောင် ကစားထားနိုင်သည်ကို အံ့အားသင့်ဖွယ် တွေ့မြင်ထားရပြီဖြစ်သည်။ ဥရောပပြိုင်ပွဲ(၃)ရပ်ဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ၊ ယူရိုပါလိဂ်ပြိုင်ပွဲ၊ ကွန်ဖရန့်လိဂ်ပြိုင်ပွဲတို့တွင် အင်္ဂလန်ကလပ်အသင်းများဟာ ခြေစွမ်းအကောင်းဆုံး ရှုံးပွဲများမရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သည်။

ဒါဟာလည်း အင်္ဂလန်ကလပ်အသင်းများ၏ ဥရောပပြိုင်ပွဲ (၃)ရပ်စလုံးမှာ ရှုံးပွဲမရှိအောင်စွမ်းဆောင်ထားနိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ပဲ ဖြစ်ပါသည်။

ဥရောပပြိုင်ပွဲ၏ အမြင့်ဆုံး ပြိုင်ပွဲတစ်ခုဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း အင်္ဂလန်ကလပ်အသင်းများဖြစ်သည့် အက်စတွန်ဗီလာ၊ လီဗာပူး၊ မန်စီးတီး၊ အာဆင်နယ်တို့က ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်သည့်အပြင်၊ အက်စတွန်ဗီလာနှင့် လီဗာပူးတို့က ရာနှုန်းပြည့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပြီး အမှတ်ပေးဇယားအား ဦးဆောင်ထားနိုင်သည်။

ဥရောပပြိုင်ပွဲ၏ ဒုတိယ အမြင့်ဆုံးအဆင့်ဖြစ်သည့် ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း စပါးနှင့် မန်ချက်စတာယူနိုက်တက်တို့က ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သလို၊ စပါးအသင်းသည်လည်း ၃ ပွဲစလုံး ရာနှုန်းပြည့် နိုင်ပွဲရယူကာ အမှတ်ပေးဇယား ဒုတိယ နေရာတွင် ရပ်တည်ခဲ့သည်။

ဥရောပပြိုင်ပွဲ၏ တတိယမြောက်အဆင့်ဖြစ်သည့် ကွန်ဖရန့်လိဂ်ပြိုင်ပွဲတွင်လည်း ချဲလ်ဆီးအသင်းက ၂ပွဲ ကစားပြီး ၂ပွဲစလုံး ရာနှုန်းပြည့် နိုင်ပွဲရယူကာ အမှတ်ပေးဇယားအား ဦးဆောင်ထားနိုင်ခဲ့သည်။

ယခုနှစ် ဘောလုံးရာသီပုံစံ(Format)အသစ်နှင့် ကျင်းပသည့် ဥရောပပြိုင်ပွဲများ၏ ပထမဆုံးရာသီမှာ လက်ရှိအချိန်ထိ အင်္ဂလန်ကလပ်အသင်းများကသာ ပြိုင်ပွဲအား စိုးမိုးထားနိုင်ဆဲဖြစ်ပြီး ချန်ပီယံဆုအား ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရတော့မည် ဖြစ်သည်။

နိုင်ကမ္ဘာ



## သတင်းပဒေသာ

### မဟာဘုံကထိန်ပွဲ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် (၃၁)ကြိမ်မြောက် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက ကထိန်ကျင်းပရန်အတွက် အမှာစကားပြောကြားသည်။ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများအား (၃၁)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကို ယခုနှစ်၌ တောရဘုန်းတော်ကြီးကျောင်းတွင် ကျင်းပနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်မြင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာအလယ်တန်းကျောင်း(နမ့်တိန်း)နှင့် အခြေခံပညာမူလတန်းကျောင်း (လွိုင်နွဲ့)ကျောင်းများသို့ ယမန်နေ့ နံနက် ၁၀ နာရီက ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်အိရွှေစင်လတ်က ကျောင်းသား၊ ကျောင်းသူများအား လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန် ဆောင်ရွက်မှုအခြေအနေများကို ပြောကြားသည်။

အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်နန်းမိုခမ်းဟိန်းက လူငယ်ရေးရာအသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် ပြန်/ဆက် ဒုတိယဦးစီးမှူး ဒေါ်နန်းအေးအေးအောင်က မိမိတို့စာကြည့်တိုက်များတွင် အသိပညာတိုးပွားစေရေး ဆောင်ရွက်မှုများကို ဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ မိုးကောင်းရပ်ကွက်ရှိ သမဝါယမခန်းမတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပခဲ့ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီမံကိန်းအဖွဲ့ဝင်များ၊ ဒေသခံ ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



(၂၂)ကြိမ်မြောက် မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီနှင့် အဝေးပြေး ခရီးသည်တင်ယာဉ်အသင်း မိသားစုတို့၏ စုပေါင်းမဟာဘုံကထိန်တော်လှူဒါန်းပွဲကို အောက်တိုဘာ ၂၅ ရက်တွင် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်၊ ၁၇ လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြား၊ ရွှေဒါးပရိယတ္တိစာသင်တိုက်တွင် ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။

(မန္တလေးနေ့စဉ်-၅)

* - * - * - * - *

## မဟာမုနိဘုရား ဘက်စုံပြုပြင်ရန်အလှူငွေများ လာရောက်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေး၊ မဟာမုနိရပ်ရှင်တော်မြတ် ဘက်စုံပြုပြင်ရန် အလှူငွေများနှင့် ချိတ်ဆွဲရန်ရတနာပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသည်။ အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ဘက်စုံပြုပြင်ရန်အတွက် ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဖျာဒိုးကျေးရွာနေ ဒေါ်ခင်အေးလှိုင်မိသားစုက ငွေကျပ် ၁၀ သိန်း၊ မန္တလေးမြို့မှ ပဌာန်းအလင်းရောင်ဝတ်အသင်း မိသားစုက ဘက်စုံပြုပြင်ရန်ငွေကျပ် ၂၂၀၀၀၀၊ ဒေါ်မြမြခိုင်က ငွေပဒေသာပင် ငွေကျပ် ၁ သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 0873020610044910 1 နှင့် UAB ဘဏ် ငွေစာရင်းအမှတ် 01 7130 1000 12259 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01 70 12 1000 00750 နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂ ၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)(၀၄၅)



## ဆုတောင်းပြည့်ဘုရားကြီး ဇုဒ္ဒပူဇနိယပူဇော်ပွဲ ဆွမ်းသပိတ်အလုံး ၅၀၀ လောင်းလှူ

**မုံရွာ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဆုတောင်းပြည့်ဘုရားကြီး ဇုဒ္ဒပူဇနိယပူဇော်ပွဲကို အောက်တိုဘာ ၂၅ ရက် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်က ဆွမ်းသပိတ်အလုံး ၅၀၀ လောင်းလှူခဲ့သည်။

"အရင် ကိုဗစ်ဖြစ်ကတည်းက ဘုရားကြီးပွဲမကျင်းပဘဲ အကျဉ်းရုံးကျင်းပလာရာက အခုနှစ်မှာ သံဃာအပါး ၅၀၀ ပင့်ပြီး ဆွမ်းလောင်းနိုင်ခဲ့ပါတယ်။ ဆုတောင်းပြည့်ဘုရားဝန်းကျင် ဂေါစရဂါမ် ဘုန်းတော်ကြီးကျောင်းနဲ့ မုံရွာမြို့ပေါ်ကျောင်းတွေက သံဃာအပါး ၅၀၀ ကို ဆွမ်းသပိတ်လောင်းလှူတာပါ"ဟု ဆုတောင်းပြည့်ဘုရားဂေါပကတစ်ဦးက ပြောသည်။

ဆုတောင်းပြည့်ဘုရားဝန်းကျင်မှ ဂေါစရဂါမ် ၈ ကျောင်းမှ သံဃာကုန်အပါအဝင် မုံရွာမြို့ပေါ်ဘုန်းတော်ကြီးကျောင်း ၇၇ ကျောင်းမှ သံဃာအပါး ၅၀၀ ကို တိုက်သပိတ်၊ သံသပိတ် အလုံး ၅၀၀ ကပ်လှူခြင်း ဖြစ်သည်။

"အရင်နှစ်တွေက ဇုဒ္ဒပူဇနိယပွဲအထိမ်းအမှတ်အဖြစ် ဆွမ်းသပိတ်နဲ့ ဆွမ်းချိုင့်တွေကို ဘုရားကြီးပတ်ဝန်းကျင် ဂေါစရဂါမ် ၈ ကျောင်း၊ ဩဝါဒဆရာတော်ကျောင်း ၁၂ ကျောင်း အပါအဝင် ကျောင်းတိုက် ၃၀ လောက်ကို သွားရောက်ကပ်လှူခဲ့ကြတာပါ" ဟု ဂေါပကတစ်ဦးက ပြောသည်။



မုံရွာမြို့ရပ်ကွက်များမှ ဆွမ်းသပိတ်အလှူရှင်များ ဆွမ်းနှင့် ဆွမ်းဟင်းများ လှူဒါန်းနိုင်ရန်အတွက် ဆုတောင်းပြည့်ဘုရားကြီးဂေါပကအဖွဲ့မှ တိုက်သပိတ်နှင့် သံသပိတ်များအား အခမဲ့ပေးဝေပေးခဲ့ပြီး ဆွမ်းသပိတ်အလုံး ၅၀၀ လောင်းလှူရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ဆွမ်းသပိတ်အလုံး ၁၀၀ ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ဓါပုံ)(၃၉၄)

## ကထိန်မရသောကျောင်း ၁၀၀ နီးပါးအတွက် ကထိန်အာနိသင်ရအောင် လှူဒါန်းမည်

**စစ်ကိုင်း အောက်တိုဘာ ၂၆**

စစ်ကိုင်းမြို့မှ ကထိန်မရသောကျောင်း ၁၀၀ နီးပါးအတွက် ကထိန်အာနိသင်ရအောင် လှူဒါန်းရန် စီစဉ်လျက်ရှိရာ အများပြည်သူ ပါဝင်လှူဒါန်းနိုင်ရန်လည်း စီစဉ်ထားသည်။

"မုံရွာမှာ မိုးကျကထိန်ကျင်းပပေမယ့် အဲ့ထိမသွားနိုင်တဲ့ စစ်ကိုင်းကကိုယ်တော်တွေ လာရောက်အကူအညီတောင်းတဲ့အတွက် ကထိန်အာနိသင်ရဖို့ လှူဒါန်းပေးဖို့ စီစဉ်တာပါ။ အလှူရှင်တွေ ကိုယ်တိုင်သွားကြည့်ပြီး လှူဒါန်းနိုင်ဖို့လည်း ချိတ်ဆက်ပေးနေပါတယ်။ ဒီနှစ် စစ်ကိုင်းက သံဃာတော် ၇၀ ကနေ ၁၀၀ ကြား ကထိန်အာနိသင်ရဖို့ လှူမှာပါ။ မိမိစွမ်းသလောက် ပါဝင်လှူဒါန်းနိုင်ပါတယ်" ဟု နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်(မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။ ယခုနှစ်တွင် စစ်ကိုင်းမြို့မှ ကထိန်မရသော သံဃာတော်တစ်ပါးလျှင် သင်္ကန်းဒွိစုံ တစ်စုံ ငွေကျပ် ၃၀၀၀နှင့် ဝတ္ထုငွေကျပ် ၃၀၀၀၀ လှူဒါန်းပေးမည်ဖြစ်ရာ အများပြည်သူအနေဖြင့် မိမိစွမ်းသလောက် ပါဝင်လှူဒါန်းနိုင်မည် ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် နယ်စပ်၊ တောင်တန်းသာသနာပြု ဗြဟ္မစိုရ်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ ဦးဆောင်သော နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး) ၀၉-၄၄၂ ၀၇၄ ၄၆၆၊ ၀၉-၄၀၂ ၆၉၂ ၅၂၂၊ ၀၉-၆၆၀ ၈၅၀ ၃၉၉နှင့် ၀၉-၇၅၁၅၁၆၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

# ကျုံးတော်ပတ်လည် မန်းရွှေပြည်

မင်းတုန်းမင်းတရားကြီး၏ မြနန်းစံကျော်ရွှေနန်းတော် ရတနာပုံနေပြည်တော်မြို့ကြီး၊ ကျုံးတော်၊ နန်းမြို့ရိုးစသည့် သတ္တဌာနတို့ကား ရှေးမြန်မာတို့၏ အမွေခံကောင်းများအဖြစ် ယခုဆိုလျှင် သက်တမ်းနှစ်ပေါင်း ၂၇၀ကျော်ခဲ့လေပြီ။ မြန်မာဟူသည် ကမ္ဘာတွင် ကိုယ်ပိုင်အရှင်သခင်နှင့် အချုပ်အခြာပိုင် နိုင်ငံဖြစ်ခဲ့ပြီး ထီးနှင့်နန်းနှင့် မြို့တော်နှင့် ခန့်ညားတည်ရှိခဲ့သည်မှာ မျက်မှောက်မြန်မာတိုင်းရင်းသား ပြည်သူ မြန်မာလူငယ်လူရွယ်တို့အတွက် ဂုဏ်ယူဝင့်ကြွားဖွယ် အထင်အရှားပင် ဖြစ်တော့သည်။

မြနန်းစံကျော်ရွှေနန်းတော်ကြီးမှာ ကျုံးတော်တစ်ဖက်လျှင် ၂မိုင်နီးပါးရှိပြီး မန္တလေးမြို့တော်ကြီးသည် မန္တလေးတောင်တော်ကို နောက်ခံထား၍ တည်ရှိနေသည်ကိုကဖြင့် ဘယ်မှာမှ ရှာ၍မရနိုင်သည့် သဘာဝအမွေ၊ မြန်မာဘိုးဘွားအမွေ၊ တန်ဖိုးဖြတ်မရသည့် သက်ရှိမြန်မာတို့အတွက်မှာ သက်မဲ့ပစ္စည်းပေမယ့် အဖိုးမဖြတ်နိုင်သည့် ရတနာပစ္စည်းများဟုပင် ဖော်ညွှန်းချင်ပါဘိတော့သည်။

စာရေးသူသည် နန်းတော်ရှေ့အရပ်တွင် နေထိုင်သူမို့ မန္တလေး ၆၆လမ်း အရှေ့ကျုံးနံဘေးသို့ နေ့တိုင်းလိုရောက်ဖြစ်သည်။ ရောက်ဖြစ်တိုင်းလည်း အရှေ့ဘက်ကျုံးတံတားပေါ်က ကြည့်ကြည့်၊ ၆၆လမ်းနှင့်၂၆လမ်းထောင့်က ကြည့်ကြည့်၊ ဘယ်ရှုထောင့်ကပင် ကြည့်ကြည့် ရှေးစေတီပုထိုးများနှင့် စိမ်းညို့ရင့်ရင့် မန္တလေးတောင်တော်၊ မန္တလေးတောင် တောင်ဘက်အခြေက ငွေရောင်လွလွ ကျောက်တော်ကြီးဘုရား ပြာသာဒ်တော်၊ ၁၂လမ်းဘေးအတိုင်း ရှိနေသည့် ဟသံပြဒါးရောင် သုခမ္မာဇရပ်တန်းတို့နှင့် မြနန်းစံကျော် ရွှေနန်းတော်၏ မြို့ရိုး၊ ပစ္စင်ပြအိုး၊ မုခ်ဦးတို့မှာ ရေပြာပြာပတ်လည်နှင့် ရှုမငြီးသည့်ကျုံးတော်ကြီးနှင့် ချယ်သထားသည့်အလှသည် မြန်မာတို့အဖို့ စံထားလှစရာ ရှားပါးဂုဏ်ဒြပ်ကြီးပင် ဖြစ်တော့သည်။

ထိုမြနန်းစံကျော် အရှေ့၊ အနောက်၊ တောင်၊ မြောက်ပတ်လည်သည် ယခုအခါ မြို့တော်နေပြည်သူအပေါင်းတို့အတွက် မန္တလေးတောင်တော်မြို့ရိုးနှင့် ကျုံးရေပြင် ပန်ရလှသည့်အလှကို ခံစားလမ်းလျှောက်ရင်း စက်ဘီးစီးရင်း အနားယူနိုင်သည့် အပန်းဖြေဥယျာဉ်တော်ကြီးအဖြစ် ပေါ်ထွက်လာပြီဖြစ်သည်။ ၂၀၂၂ခုနှစ် ဧပြီ ၁၃ရက်တွင် အရှေ့ဘက်မြို့ရိုးနှင့် ကျုံးအကြားတွင် "ရတနာပုံဥယျာဉ်" အဖြစ် ဖွင့်လှစ်ပေးခဲ့ပါသည်။ ပထမဦးစွာ အရှေ့ဘက်ကျုံးဘေး ပလက်ဖောင်းကို ကြမ်းခင်းကျောက်ပြားများ၊ ပန်းအလှပင်နှင့် အရိပ်ရအလှပင်များ၊ ကားရပ်နားရန်နေရာများနှင့့် ဗိုလ်ကတော်မြက်ခုံးပင်ပု စည်းရိုးတန်းလေးများ၊ ကျုံးရေပြင်နှင့် ပလက်ဖောင်းကြား အလှခြံစည်းရိုးတန်းတို့မှာ မန္တလေးပြည်သူတို့၊ ခရီးသွားတို့အတွက် ထိုင်နားစရာ ခုံတန်းများဖြင့် အဆင့်မြှင့်တင် ပြုလုပ်ပေးခဲ့များစွာမှ နားနေချင်စရာကောင်းတစ်ခု ဖြစ်ခဲ့သည်။ ဒုတိယ အဆင့်အနေဖြင့် အရှေ့ဘက်မြို့ရိုးနှင့် ကျုံးအကြား မြောက်ဘက် ၁၂လမ်းမှ တောင်ဘက်၂၆လမ်းထိ တောက်လျှောက်စပ်ကို အရိပ်ရပင်၊ ပန်းအလှပင်၊



လမ်းလျှောက်ပန်းပင်များ ဝေဝေဆာဆာနှင့် မြို့ရိုးအနီး ကပ်မြက်ခင်းပြီးလျှင် ပတ်လမ်းအဖြစ် ကတ္တရာလမ်းကျယ် ပြီးလျှင် သီးသန့်လမ်းလျှောက် အနားယူအပန်းဖြေ ထိုင်နားနိုင်ဖို့ရာ အလှကျောက်ပြားများဖြင့် လူသွားလမ်းကို ဒီဇိုင်းဆန်းဆန်း ခင်းထားပေးသည်။

ယခုအခါ မြောက်ဘက် ၁၂လမ်းနှင့် ၁၉လမ်းကြား၌ဆိုလျှင် ပတ်လမ်းဝယ် စက်ဘီးစီး၊ အလှကြည့်ကားများ စီးနိုင်ဖို့ ကားဘီး stand များ၊ ကော်ဖီဆိုင်များ၊ အအေးဆိုင်များ၊ ငါးစာကျွေးကြသူများနှင့် ညနေခင်းဆိုလျှင် လာရောက်လည်ပတ် စက်ဘီးစီး၊ အပြေးနှင့်လမ်းလျှောက်ကြသူများ အထူးပင် စည်ကား၍နေပေသည်။ မန္တလေးမြို့တော်သူ၊ မြို့တော်သားများ ခရီးသွားပတ်လည်သူများအတွက် မန္တလေးတောင်ရှုခင်း၊ နန်းတော်ဟောင်းနဲ့ မြို့ရိုးကြီးနံဘေးမှာ ကျုံးရေပြင်၊ နားနေချင်စရာ နေရာကျယ်ကျယ်၊ လမ်းလျှောက် စက်ဘီးစီးချင်စရာ ပတ်လမ်းကတ္တရာလမ်းကျယ်တို့ဖြင့် ရတနာပုံဥယျာဉ်ကြီးသည် မန္တလေးနေပြည်သူတစ်ဦးအတွက် မရောက်ဖြစ်လျှင်ကိုမဖြစ်သည့် အထင်ကရ နေရာတစ်ခုပင်ဖြစ်တော့သည်။ မန္တလေးတောင်နှင့် မြို့ရိုးကို နောက်ခံထားကာ ပန်းအလှပင်၊ ထိုင်ခုံတန်းလေးများနှင့် အထူးပင် စိတ်ချမ်းမြေ့ဖွယ်ဖြစ်သလို အလှဓာတ်ပုံရိုက်ပေးသူများ၊ နားနားနေနေ နေကြသူများဖြင့် မန္တလေးမြို့တော်၏ ထင်ရှားသည့် ကျုံးပတ်လည် ဥယျာဉ်တော်ကြီးပင် ဖြစ်တော့သည်။

ယခင်တုန်းကလည်း စာရေးသူသည် ၆၆လမ်း ပလက်ဖောင်း ထိုင်ခုံများတွင်ထိုင်ရင်း မန္တလေးတောင်၊ မြို့ရိုး၊ ကျုံးရေပြင်အလှတို့ ခံစားရင်း ဓာတ်ပုံလည်းရိုက် ကဗျာတွေ၊ စာတွေလည်း ရေးခဲ့ပါ၏။ ထို့နောက်ပိုင်း လွန်ခဲ့တဲ့တစ်လက ငယ်သူငယ်ချင်းကြီး ကိုမိုးကျော်၏ လမ်းလျှောက်ရအောင်ဆိုပြီး အတင်းခေါ်ခဲ့၍ ရတနာပုံဥယျာဉ်သစ်ကြီးဝယ် ပတ်လမ်းများလမ်းလျှောက်၊ ပန်းအလှရောင်စုံတွေကို ကြည့်ပြီးတော့ ကျုံးဘေးထိုင်ခုံလေးတွေမှာ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်တွေ စကားလက်ဆုံကျတစ်ဝကြီးပြောကာ နားနားနေနေ ထိုင်ဖြစ်ခဲ့သည်။ ဤသို့ ထိုင်နားရင်း ဤရတနာပုံ ဥယျာဉ်ကြီး၏ ကျေးဇူးအရိပ်ကို တန်ဖိုးထားမိသလို မြနန်းစံကျော် ရွှေနန်းတော်ကြီးကို ထုဆစ်ခဲ့သူ ရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး၊ ယခုနိုင်ငံတော်အကြီးအကဲနှင့် ဥယျာဉ်တည် ဆောက်ပေးခဲ့ရာတွင် ပါဝင်ကြသူ အပေါင်းကိုလည်းလွန်စွာမှ ကျေးဇူးတင်နေမိသည်။

ရတနာပုံဥယျာဉ်ဝယ် ခုလိုလမ်းလျှောက်ဖြစ်အောင် အကျိုးဆောင်ခဲ့သူ သူငယ်ချင်းကြီး ကိုမိုးကျော်နှင့် ကျုံးဘေးထိုင်ခုံမှာထိုင်ရင်း ကျုံးရေပြင် ရေလှိုင်းကြက်ခွပ်တွေ အရသာခံကြည့်ကာ တစ်ချိန်က နာမည်ကြီး "ရွှေမန်းဆီလို့" သီချင်းစာသားလေးကို အလွန်မှပင် တန်ဖိုးထားတမ်းတခံစားနေမိပါသည်။

"ရွှေမန်းဆီသို့ ××× တစ်ခါတစ်ခေါက်ဖြင့် ××× ရောက်စေချင်သည်××× ကျုံးတော်ပတ်လည် မြမြို့ရိုး××× ပြအိုး××× ပစ္စင် ××× ကာရံကာအတည် ××× မြန်မာစံဌာနီ ××× သာယာပါလေသည် ××× ရေရိပ် ရေအောက်ဆီ ×××နေခြည်ဟပ်ကာ အလွန်ပန်ရလှသည် ××× ရှုဖွယ်စုံညီ ××× ရွှေနန်းတော်အရှေ့ဆီ ××× မြရိပ်ညိုညို တောင်တန်းတွေကမှုန်ရီ ××× ငါးရံ့မင်းစေတီ ××× တောင်တော်ထူး×××အောင်ပင်လယ် ရာပြည့်ဦး××× က ဖူးနိုင်ပါသည် ××× အထူးပဲ အစဉ်ဖိတ်ခေါ်ပါသည် ×××

ဤဂန္ထဝင်သီချင်းစာသားနှင့် တစ်ထပ်တည်းကျနေသည့် ပိုမိုဆန်းပြားအလှတရားတွေစုံနေသည့် ရတနာပုံဥယျာဉ်တော်သစ်ကြီးရှိရာ ရွှေမန်းဆီသို့ တစ်ခါတစ်ခေါက်တော့ အခေါက်ခေါက်အခါခါပင် လာလည်နားခိုလှည့်ကြပါဟု မြန်မာပြည်သူ၊ ပြည်သားအပေါင်းကိုရော၊ ကမ္ဘာလှည့်ခရီးသွား လေ့လာသူအပေါင်းကို ရင်ထဲမှပင် လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုက်ပါသည်ဟု အထပ်ထပ်အခါခါ ပြောနေမိပါတော့သည်။

**ရေချမ်း(မန်း)**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲများ ပြုလုပ်

**ကန့်ဘလူ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲကို အောက်တိုဘာ ၂၅ရက် နံနက် ၁၀နာရီက အမှတ်(၁)အခြေခံပညာအထက်ကျောင်း၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်- ၃ ဒေါ်အိအိသင်းက ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ သတိပြုရှောင်ရှားရမည့် အချက်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်း အကြောင်းအရင်းများ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ သိရှိလိုက်နာသင့်သည့် အချက်များ၊ဆောင်ရန် ရှောင်ရန်များကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် သုတ၊ရသ စာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(ယာပုံ)(၄၈၀)



## ယခုနှစ် ဆောင်းသီးနံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနံ ၂၅၅၇ ဧက လျာထားစိုက်ပျိုးမည်



**ပွင့်ဖြူ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနံ ၂၅၅၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံက သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနံစိုက်ပျိုးရာသီ၌ တောင်သူများ သီးနံဝင်ငွေတိုးပွားစေရန်နှင့် သီးနံစိုက်ပျိုးစွမ်းအားတိုးတက်စေရန် ရည်ရွယ်၍ စားဖိုဆောင်သီးနံများဖြစ်သည့် ငရုတ်စို ၁၂၀ ဧက၊ ငရုတ်အခြောက် ၁၂၈၅ ဧက၊ ကြက်သွန်နီ ၁၁၂၄ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက၊ စုစုပေါင်း စားဖိုဆောင်သီးနံ ၂၅၅၇ ဧက စိုက်ပျိုးသွားရန် လျာထားရှိပြီး သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် နိုဝင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများက လယ်ယာမြေများကို မြေဆီလွှာကောင်းမွန်ရေး ထွန်ယက်ပြုပြင်ခြင်းများ ဆောင်ရွက်လုပ်ကိုင်နေကြသည်။

ဒီနှစ်ဆောင်းရာသီမှာ ဒေသခံတောင်သူတွေ သီးနံဝင်ငွေတိုးပွားစေဖို့အတွက် စားဖိုဆောင်သီးနံ ၂၅၅၇ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီဒေသက စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ဒေသခံတောင်သူတွေက စားဖိုဆောင်သီးနံစိုက်ပျိုးရေးလုပ်ငန်းကို ဈေးကွက်အခြေအနေပေါ်မူတည်ပြီး ဈေးကောင်းရရှိတဲ့ စားဖိုဆောင်သီးနံများကို ရွေးချယ်စိုက်ပျိုးလုပ်ကိုင်ကြတယ်။ ဆောင်းသီးနံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတွေ အခက်အခဲမဖြစ်စေရန် မျိုးကောင်းမျိုးသန့် မျိုးစေ့များရရှိအောင် ချိတ်ဆက်ကူညီပေးခြင်း၊ သီးနံများတွင် အစားအစာ ဘေးကင်းလုံခြုံစေရန်အတွက် GAP နည်းစနစ်များနှင့်အညီ စိုက်ပျိုးနိုင်ရေးအတွက် ပညာပေးခြင်း၊ သဘာဝပိုးသတ်ဆေးနဲ့ သဘာဝမြေဩဇာများကို စနစ်တကျ ကိုယ်တိုင်ထုတ်လုပ်အသုံးပြုတတ်စေရေး အသိပညာပေးခြင်း စတဲ့ တောင်သူပညာပေးတာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်' ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ်ဆောင်းသီးနံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက စားဖိုဆောင်သီးနံစုံများ စိုက်ပျိုးခြင်းကို လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကြိုတင်၍ လယ်ယာမြေများ ပြုပြင်ခြင်း၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ပြုလုပ်ခြင်း စသည့် လုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ဝဲပုံ)**

(၄၄၅)



## ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Zoom Meeting ဖြင့် တက်ရောက်ခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသော ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၄)ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေ၊ လမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်ဝေတင့်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုး၊ လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးထွန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသက်ခိုင်တို့နှင့်အတူ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌသည်လည်း ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်းမှ Zoom ဖြင့် တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

*-*-*-*-*-*

## ဒေသဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**စဉ့်ကိုင် အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် ဒေသဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်ဖြိုးအောင်နှင့်အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်းနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ပြန်လည်တင်ပြကြရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် ကျန်ရှိသည့်လုပ်ငန်းများအား အမြန်ပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုများမှ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကျန်းမာရေးဌာနမှ ဆက်လက်ဆောင်ရွက်သွားကြရန် စသည့် အကြောင်းအချက်များကို မှာကြားဆွေးနွေးခဲ့သည်။ ထို့နောက် အဖွဲ့ဝင်(၁)က မြို့နယ်လုံခြုံရေးကိစ္စရပ်များအား အထူးဂရုပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဌာနများသို့ လုံခြုံရေးအထူးသတိထား၍ ဆောင်ရွက်သွားကြရန်နှင့် မြို့နယ်ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ရုံးဥပမိရပ်ကောင်းမွန်စေရေး၊ ရုံးတွင်း၊ ရုံးပြင် သန့်ရှင်းသာယာလှပစေရေး အပတ်စဉ်ဆောင်ရွက်ထားကြရန် မှာကြားဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများကလည်း မိမိတို့ဌာနများအလိုက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများအား အသီးသီးဆွေးနွေးတင်ပြခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ယာပုံ) ကျော်စွာ(စဉ့်ကိုင်)**

*-*-*-*-*

## မြင်းခြံလမ်းမှ ရေချိုဘူတာ-ရွာသာလမ်း အရှည် ၀/၃ မိုင်အား ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေ ၁၂၂ ဒသမ ၅၇၀ သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးကြပ်ပြီး Unique Design Company မှ တာဝန်ယူ၍ မြင်းခြံလမ်းမှ ရေချိုဘူတာ-ရွာသာလမ်းအရှည် ၀/၃မိုင်အား ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သွားလာရာတွင် အဆင်ပြေစေရန် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာမှ ကျေးရွာ ၁၀ ရွာမှ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာသည့် မိတ္ထီလာ-မြင်းခြံလမ်းမှ ရေချိုဘူတာ-ရွာသာလမ်းအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေ ၁၂၂ ဒသမ ၅၇၀ သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးကြပ်ပြီး Unique Design Company မှ တာဝန်ယူ၍ ဇွန် ၆ ရက်မှ စတင်၍ မြင်းခြံလမ်းမှ ရေချိုဘူတာ-ရွာသာလမ်းအား အရှည် ၀/၃မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၎င်းကတ္တရာခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြင်းခြံလမ်းမှ ရေချိုဘူတာ-ရွာသာလမ်း အရှည် ၀/၃ မိုင်အား ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ရေချို၊ အရာတော်၊ ဝွေ့အိုင်ကျေးရွာအုပ်စုများရှိ ကျေးရွာ ၁၀ ရွာမှ အိမ်ထောင်စု ၁၁၃၇ စု လူဦးရေ ၆၆၃၃ ဦးတို့မှာ ရာသီမရွေး အဆင်ပြေချောမွေ့စွာသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၆၉)

*-*-*-*-*



## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မူလတန်းအဆင့်ပုံပြင်ပြောခြင်းအစီအစဉ်ပြုလုပ်

**နတ်မောက် အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ကလေးစာဖတ်ခန်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများဖြင့် အောက်တိုဘာ ၂၂ရက် နံနက် ၉နာရီခွဲက ပုံပြင်ပြောခြင်း ပြုလုပ်သည်။

အဆိုပါ ပုံပြင်ပြောခြင်းအစီအစဉ်တွင် ဒေါ်ဝင်းမေထွန်း (စာထောက်-၃)က ကျောင်းသား၊ ကျောင်းသူများ အားလပ်သည့်အချိန်များ၌ စာကြည့်တိုက်သို့ ဝင်ထွက်သွားလာနိုင်ပြီး ဗဟုသုတရဖွယ် စာအုပ်စာစောင်များ ငှားရမ်းဖတ်ရှုနိုင်ပါကြောင်း ပြောကြား၍ မြန်မာ့ရိုးရာပုံပြင်များထဲမှ ကိုလင်းသရပ်ဖော် ရေးသားထားသည့် "ကိုယ်စီတန်ဖိုး" ရုပ်ပြပုံပြင်စာအုပ်ဖြင့် ပုံပြောခြင်းပြုလုပ်ကာ ကျောင်းသား၊ကျောင်းသူများအား ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ကျောင်းသား၊ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ရရှိစေရန်၊ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ကြစေရန် ရည်ရွယ်၍ အားလပ်သည့် အချိန်များတွင် ပုံပြင်ပြောခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ပန်းချီရေးဆွဲခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲများ ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများ လစဉ်ဆောင်ရွက်လျက်ရှိပြီး နေ့ကြီးရက်ကြီးများတွင်လည်း မြို့နယ်အဆင့်ပြိုင်ပွဲများကို အခြေခံပညာရေးကျောင်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**မူမူစန်း**






## အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ငါးခန်းတွဲ သုံးထပ်အဆောက်အအုံ တည်ဆောက်ရန် ပန္နက်တင်

**မိုင်းယောင်း အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် အထက(တပ်တွင်း)၌ အောက်တိုဘာ ၂၂ရက် နံနက် ၇နာရီခွဲက အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ငါးခန်းတွဲ သုံးထပ်ဆောင် အဆောက်အအုံ တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာကျင်းပသည်။

ဇေပိုင်ဦးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်မည့် အဆိုပါ ကျောင်းဆောင်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးအောင်နေထွန်းနှင့် အဖွဲ့ဝင်(၂) ဦးစိုင်းခမ်းလူး၊ ခရိုင်ပညာရေးမှူး ဦးတင့်ဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြည်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက ပန္နက်ရိုက်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

## မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာငွေများ လစဉ်ပုံမှန်ထုတ်ပေး

**မြစ်သား အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အောက်တိုဘာလအတွက် ပင်စင်လစာငွေများကို ဘဏ်ဝန်ထမ်းများမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်လစာလာရောက်ထုတ်ယူရာတွင် အခက်အခဲမရှိ လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ကာ အောက်တိုဘာ ၂၂ရက် နံနက် ၅နာရီခွဲက စနစ်တကျ ဆက်လက်ထုတ်ပေးလျက်ရှိသည်။

မြစ်သားမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်စားဝန်ထမ်းများကို နေ့စဉ်တိုကင်ထပ်စနစ်ဖြင့် သတ်မှတ်၍ လစဉ်ပုံမှန်ရုံးဖွင့်ရက် ၂၁ရက်မှ စတင်ထုတ်ပေးလျက်ရှိရာ အောက်တိုဘာ ၂၂ရက် နံနက်ပိုင်း ဘဏ်ဖွင့်ချိန်အတွင်း အငြိမ်းစားပင်စင်စားများအနေဖြင့် လာရောက်ထုတ်ယူလျက်ရှိကြောင်း၊ ပင်စင်လစာငွေများအား မိမိကိုယ်တိုင်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသူများအနေဖြင့်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးက ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားလာရောက်ထုတ်ယူနိုင်ကြောင်း မြန်မာ့စီးပွားရေးဘဏ်တာဝန်ရှိသူတစ်ဦးထံက သိရသည်။ **(ဝဲပုံ)** **ဝါဝါမြင့်**



## သဖန်းချောင်းကျေးရွာ၌ RBF စီမံကိန်းဖြင့် ဒေသန္တရနှင့်ဆိတ်မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**မကွေး အောက်တိုဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်း ဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေတောကန္တားကျေးရွာအုပ်စု၊ သဖန်းချောင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း ရန်ပုံငွေများဖြင့် ဒေသန္တရနှင့်ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၂၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**(အောက်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် တာဝန်ရှိသူများသည် သဖန်းချောင်းကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ရွှေကုံ့ကော်၊ မြတ်လေး၊ ရွှေနှင်းဆီ၊ ပန်းစံပယ်၊ အောင်သပြေအဖွဲ့တို့မှ ဒေသန္တရနှင့်ဆိတ်များမွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက RBF အသင်းသူ၊ အသင်းသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သဖန်းချောင်း ကျေးရွာတွင် အဆိုပါအစုအဖွဲ့စနစ်ဖြင့် ဒေသန္တရနှင့်ဆိတ်မွေးမြူရေး လုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းချေးငွေကျပ်သိန်း ၃၀၀၊ အသင်းဝင်များ၏ မ,တည်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၄၀၀ဖြင့် အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်လုပ်သူများ၊အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံက သိရသည်။ **အာကာ(ပြန်/ဆက်)**



## ဗဟိုဘဏ်မှ ဒေါ်လာ(၂)သန်းကျော်နှင့် တရုတ်ယွမ်(၁)သန်းခွဲ ထုတ်ရောင်းပေးထား

အောက်တိုဘာ ၂၁ရက်တွင် ဗဟိုဘဏ်မှ ဒေါ်လာ(၂)သန်းကျော်နှင့် တရုတ်ယွမ်(၁)သန်းခွဲ ထုတ်ရောင်းပေးထားကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။ ဗဟိုဘဏ်မှ FX Market Online Trading Platform မှတစ်ဆင့် တစ်ဒေါ်လာ ငွေကျပ် ၃၅၅၆ ဖြင့် ဒေါ်လာ ၂ ဒသမ ၂၀၃ သန်းနှင့် တစ်ယွမ် ငွေကျပ် ၅၂၂ ဖြင့် တရုတ်ယွမ် ၁ ဒသမ ၅၅၅ သန်း ထုတ်ရောင်းပေးထားခြင်း ဖြစ်သည်။

ယခုတစ်ကြိမ် ထပ်မံထုတ်ရောင်းပေးမှုအပါအဝင် ဩဂုတ် ၁ ရက်မှ အောက်တိုဘာ ၂၁ရက်အထိ နှစ်လခွဲကျော်အတွင်း ဒေါ်လာ ၃၈၅သန်းကျော်အထိ ထုတ်ရောင်းပေးခဲ့ပြီး အလားတူ ထိုင်းဘတ် ၅၆၈သန်းကျော်နှင့် တရုတ်ယွမ် ၃၂သန်းခွဲခန့် ထုတ်ရောင်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် စက်သုံးဆီနှင့် စားသုံးဆီလုပ်ငန်းရှင်များအတွက် နိုင်ငံခြားငွေကြေးဈေးကွက် (FX Trading Platform)မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၅သန်း ရောင်းချပေးမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၀ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေး ကြေညာထားသည်။

**ရွှေမန်း**



## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၃၃-၄၄)၊ ဦးပိုင်အမှတ်(၃၁)တွင်နေထိုင်သူ ဒေါ်စန်းစန်းရွှေ(၈/ရဆက(နိုင်)၁၈၅၆၆၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၃၃-၄၄)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ(၃၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို (၂၅-၈-၂၀၁၄)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး လက်ရောက်ရယူပြီး အဆောက်အအုံဆောက်လုပ်ကာ ယနေ့အချိန်ထိ တရားဝင်နေထိုင်ပိုင်ဆိုင်လျက်ရှိသော မြေနှင့်အဆောက်အအုံဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနိုင်အောင် ဒေါ်သန်းသန်းနု**

**ဥပဒေအကျိုးဆောင်ရှေ့နေများ**

**မမ-၂/၅၈၊ မြရည်နန္ဒာရပ်ကွက်၊ မန္တလေးမြို့။**

## ပျောက်ဆုံးကြောင်း

ဒေါ်နန်းဆိုင်လုံ(ဘ)ဦးမြင့်စိန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမဇ(နိုင်)၁၀၇၇၄၁)ကိုင်ဆောင်သူ၏ Passport No.MB 825175 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်နန်းဆိုင်လုံ၊ ဖုန်း ၀၉-၄၀၃၆၄၄၀၂၄**

## ပျောက်ဆုံးကြောင်း

ဒေါ်နန်းဆိုင်လိတ်(ဘ)ဦးမြင့်စိန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမဇ(နိုင်)၁၀၇၇၄၂)ကိုင်ဆောင်သူ၏ Passport No. MB825184 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်နန်းဆိုင်လိတ်၊ ဖုန်း ၀၉-၄၀၆၂၈၀၆၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉-က)၊ ဦးပိုင်အမှတ်(င/၁၁၈)၊ ဧရိယာ(၀ ဒသမ ၀၂၇)ဧက အကျယ်အဝန်းရှိ ဦးမွတ္တား အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ၁။ ဦးမျိုးသိန်း(ဘ)ဦးစံသိန်း(၉/မနမ(နိုင်)၀၅၄၅၈၇)၊ ၂။ ဒေါ်ခင်မေရီ(ဘ)ဦးသောင်းရန်(၉/မနမ(နိုင်)၀၅၄၄၅၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထူးထက်(ဘ)ဦးမိုးဝင်းမောင်(၁၂/ဒဂန(နိုင်)၀၂၃၇၆၉)က ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ အချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးသီတာအောင် (LL.M) ဒေါ်စာနည်အောင် (LL.B) ဒေါ်သန်းသန်းဝင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၁၀-ဃ)၊ မင်္ဂလာလမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၂၇၇၈၆၂၃၊ ၀၉-၇၉၈၆၉၉၅၄၄**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(ခ-၆)၊ ဦးပိုင်အမှတ်(၄၅)၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ၄၁လမ်းနှင့် ၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထွေးထွေး(ခ)လီလန်ရဲ(၉/မရမ(နိုင်)၀၈၁၂၃၇)၏ သက်တမ်းတိုးလျှောက်ထားလာမှုအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံးဂရန်တွင် ပါရှိလာမည့် မင်နီမှတ်ချက်အားပယ်ဖျက်ပေးပါရန် ထပ်မံလျှောက်ထားလာမှုအား ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် ဦးကြည်ဆောင်အမည်ဖြင့်(၁၇၉၄/၁၉၉၂-၁၉၉၃)အရ ထုတ်ပေးထားသော ဂရန်စာချုပ်အမှတ်(၁၀၃၅/၁၉၉၂-၁၉၉၃)အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၃)၊ ဦးပိုင်အမှတ်(၂)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၅လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင်သန်း(၉/မနမ(နိုင်)၀၄၄၃၀၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(F)၊ ဦးပိုင်အမှတ်(၇၇)၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ မိခင်ဖြစ်သူ ဒေါ်ညိမ်းတင်(၉/မနမ(နိုင်)၀၅၈၅၇၁)မှ သားကြီးဖြစ်သူ ဦးအောင်မြင်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ဒေါ်ဆိုင်းလူ(ဘ)ဦးမာဒင်(၁၃/ဟဝတ(နိုင်)၀၀၂၂၅၆)၏ (၁၆-၁၀-၂၀၂၄)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ ကြေညာချက်အပေါ် အကြောင်းပြန် အသိပေးကြေညာခြင်းနှင့် ဒေါ်စန်းစန်းဝင်း(ဘ)ဦးစိုးနွယ်(၉/ပသက(နိုင်)၀၀၉၆၄၇)၊ ဒေါ်နန်းမြင့်မြင့်ထွေး(ဘ)ဦးဝင်းလွင်(၉/မနမ(နိုင်)၀၉၁၉၁၈)တို့နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ ဦးမျိုးဇော်(ဘ)ဦးတိုးအောင်(၉/ခမစ(နိုင်)၀၁၇၀၆၂)နှင့် ဒေါ်မာကြည်လင်း(ဘ)ဦးဘသော်(၅/ပလန(နိုင်)၀၆၅၁၀၉)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းပြန်ကြားအပ်ပါသည်။

ဒေါ်ဆိုင်းလူ၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်နန်းမြင့်မြင့်ထွေးတို့သည် ၎င်းတို့ပိုင်ဆိုင်သည်ဟုဆိုသော ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု အင်သာကျေးရွာရှိ အရှေ့လားသော်-ရေမြောင်း၊ အနောက်လားသော်-ဒေါ်မြင့်မြင့်သန်းပိုင် မြေအစပ်၊ တောင်လားသော်-ဓါးသွေးကျောက်လမ်းမကြီး၊ မြောက်လားသော်-ရေမြောင်း(စမ်းချောင်း)အလားလေးရပ်အတွင်းရှိ မြေကွက်အား ရွာမြေကွက်စစ်စစ်ဖြစ်ကြောင်း ပြောဆိုကာ ကျွန်ုပ်၏မိတ်ဆွေများအား ငွေကျပ်(၁၄၈၀၀၀၀၀၀ိ/-)(ကျပ်သိန်းတစ်ထောင်လေးရာရှစ်ဆယ်တိတိ)ဖြင့် ရောင်းချလို၍ ဝယ်ယူစေလိုကြောင်း ကမ်းလှမ်းပြောဆိုသည်ကို ကျွန်ုပ်တို့မိတ်ဆွေများမှ အမှန်တကယ် ရွာမြေစစ်စစ်ဖြစ်သည်ဟု ယုံကြည်မိသောကြောင့် နှစ်ဦးသဘောတူ ဝယ်ယူခဲ့ကြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့မိတ်ဆွေများမှ ငွေမပြည့်မီသေးကြောင်း ငွေကျပ် ၁၀၀၀၀၀၀၀၀ိ/-(ကျပ်သိန်းတစ်ထောင်တိတိ)သာလျှင် ရှိသောကြောင့် ဝယ်ယူရန်အခက်အခဲရှိကြောင်းပြောရာ ဒေါ်ဆိုင်းလူ၊ ဒေါ်စန်းစန်းဝင်းနှင့် ဒေါ်နန်းမြင့်မြင့်ထွေးတို့မှ လောလောဆယ်တွင် စရန်ငွေအဖြစ် ငွေကျပ်သိန်း(၁၀၀၀)ကိုပေးထားပြီး စာချုပ်ချုပ်ထားရန်နှင့် မြေကွက်အား ခွဲစိတ်ရောင်းချပြီး ရောင်းရငွေများမှ ၎င်းတို့ပြောစကားအတိုင်း ကျန်ငွေအား ခွဲစိတ်ပေးချေရန် ပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေများမှ ၎င်းတို့ပြောစကားအတိုင်း ယုံကြည်ချုပ်ဆို ဝယ်ယူခဲ့သည်ဟု ဆိုပါသည်။ အဆိုပါ စာချုပ်တွင်လည်း ဒေါ်နန်းမြင့်မြင့်ထွေးမှ လက်မှတ်ရေးထိုးခြင်း၊ လက်ဗွေနှိပ်ခြင်းမရှိဟု သိရပါသည်။

အဆိုပါရွာမြေကွက်၏ စာရင်းအသေးစိတ်ကို သက်ဆိုင်ရာဌာနသို့ သွားရောက်စုံစမ်းကြည့်သောအခါ မြေကွက်သည် ရွာမြေမဟုတ်ဘဲ ယာမြေကွက်ဖြစ်ကြောင်း သိရှိရသည်ဟု အဆိုရှိပါသည်။ ထိုဖြစ်စဉ်ကို လူကြီးမင်းတို့အား ပြောပြသောအခါ လူကြီးမင်းတို့က မသိသလို တိတ်ဆိတ်နေခဲ့ကြပြီး ကျပ်သိန်း(၂၀၀၀)နှင့် ရောင်းကြည့်ပါရန် ထိုငွေထဲက ကျန်ငွေခွဲပေးရန်သာ ပြောခဲ့ကြသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေတို့တွင် လူကြီးမင်းတို့၏ မမှန်မကန် လှည့်ဖြားရောင်းချခံရခြင်းကြောင့် အရှက်သိက္ခာနှင့် ငွေကြေးများစွာ နစ်နာခဲ့ရပါသည်။ သို့ပါ၍ လူကြီးမင်းတို့က မမှန်မကန်ပြောဆို၍ ရောင်းချသော ယာမြေကွက်ကို အပြီးတိုင်ဝယ်ယူရန် မဖြစ်နိုင်တော့သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများက လူကြီးမင်းတို့အား ယုံကြည်စွာပေးအပ်ခဲ့သော ငွေကျပ်သိန်း(၁၀၀၀)အား နစ်နာကြေးကျပ်သိန်း(၁၀၀၀)၊ စုစုပေါင်းငွေကျပ်သိန်း(၂၀၀၀)တိတိကို ဤသတင်းစာထုတ်ပြန်ကြေညာသည့်နေ့ရက်မှ နောက်(၇)ရက်ထက် နောက်မကျစေဘဲ လူကြီးမင်းတို့က ကျွန်ုပ်တို့မိတ်ဆွေများသို့ တစ်လုံးတစ်ခဲတည်း တစ်ကြိမ်တည်း ပေးအပ်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ ပျက်ကွက်ပါက လူကြီးမင်းတို့အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးပြည့်ဖြိုးမောင် (LL.M) (စဉ်-၁၄၅၀၀/ ၂၀၁၈)**

**ဦးစင်မင်းထက် (LL.B) (စဉ်-၁၈၆၃၄/ ၂၀၂၃)**

**ဒေါ်နန်းအိမွန်စံ (LL.B) (စဉ်-၁၅၇၂၁/ ၂၀၁၉)**

**တရားလွှတ်တော်ရှေ့နေများ**

**မြို့ဦးလမ်းသွယ်(၁)၊ ကျီကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၂၀၀၉၅၀၃၊ ၀၉-၇၇၇၇၇၈၉၃၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၆)၊ ဦးပိုင်နံပါတ်(၂၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဒေါ်ခင်မာကြည် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း (၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်စိန်(ခ)ဒေါ်ရဟီမာဘီဘီ(ဘ)ဦးစူလတန်မာမက်(၉/မနမ(နိုင်)၀၉၁၁၆၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B,LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန်(LL.B,LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး(LL.B) အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန်(LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်(၁၅၅)၊ ဦးပိုင်အမှတ်(၃၀/ဈ)၊ ဘိုးဘပိုင်မြေကွက်ပေါ်တွင် NTL ဆောက်လုပ်ရေးမှ ဆောက်လုပ်ထားသော အာရ်စီ(၈)ထပ်တိုက် အဆောက်အအုံ၏ ဒုတိယထပ်၊ အခန်းအမှတ်(B-2) ဒေါ်ရူဘီခင်အမည်ပေါက် တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ သွယ်တန်းတပ်ဆင်ထားသော လျှပ်စစ်မီတာနှင့်တကွ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြူကြူမာ(ဘ)ဦးမူလေး(၉/မရမ(နိုင်)၀၄၃၂၅၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ဇာဇာမောင် | ဦးထွန်းလွင်ဦး | ဦးသိန်းဦး(ချယ်ရီမြေ) | ဒေါ်သီတာကို |
|---|---|---|---|
| LL.B,DL-101,IPlaw | LL.B, H.G.P | B.Sc, H.G.P, P.G.D.L | LL.B |

**တရားလွှတ်တော်ရှေ့နေများ**

**Mandalay Justice Law Firm**

**အမှတ်(၅၀)၊ ၈၇(A)လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**E.mail;zarzarmaung.lawyer@gmail.com**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေး







**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းသို့ ရောက်ရှိပြီး နေပြည်တော်၌ ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်နေ့အထိ ကျင်းပမည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားသမားများ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးမှူး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီး အနေဖြင့် အားကစားနည်း ၂၃ မျိုးနှင့် မသန်စွမ်း အားကစားနည်း ၄ မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားများ စိစစ်ရွေးချယ်ထားမှု၊ အုပ်ချုပ်သူ၊ နည်းပြများဖြင့် အနီးကပ်စနစ်တကျ လေ့ကျင့်သင်ကြားပေးနေမှုများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများအား တိုင်းဒေသကြီးအောင်နိုင်မှုရရှိရေး အစွမ်းကုန်ကြိုးစားသွားရန်နှင့် ပြိုင်ပွဲပြီးဆုံးသည်အထိ ပါဝင်ယှဉ်ပြိုင်သွားနိုင်ရေး ကျန်းမာရေးကို အထူးဂရုစိုက်နေထိုင်သွားကြရန်တို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

**(မန္တလေးနေ့စဉ်)**



# MNA လေကြောင်းလိုင်းမှ ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေးခရီးစဉ်ကို အချိန်ပြောင်းလဲ ပျံသန်းပြေးဆွဲမည်

**မန္တလေး အောက်တိုဘာ ၂၆**

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပြည်တွင်းခရီးစဉ်အသစ်ဖြစ်သော ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေးခရီးစဉ်များကို အောက်တိုဘာ ၂၇ ရက်မှစတင်၍ အချိန်ပြောင်းလဲပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

အဆိုပါ ရန်ကုန်-ပုသိမ်-ညောင်ဦး - မန္တလေး ခရီးစဉ်ကို တနင်္ဂနွေနေ့တွင် ရန်ကုန်မှ နံနက် ၁၁ နာရီခွဲတွင် ထွက်ခွာပြီး ပုသိမ်သို့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး ညောင်ဦးသို့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ညောင်ဦးမှ မွန်းလွဲ (၂) နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့ မွန်းလွဲ (၃)နာရီတွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

တနင်္လာနေ့တွင် မန္တလေး-ညောင်ဦး-ပုသိမ်-ရန်ကုန်ခရီးစဉ်များကို မန္တလေးမှ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ထွက်ခွာပြီး ညောင်ဦးသို့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ ညောင်ဦးမှ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ထွက်ခွာပြီး ပုသိမ်သို့ ညနေ ၄ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ ပုသိမ်မှ ညနေ ၅နာရီ ၁၀မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်သို့ ညနေ ၅ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းခရီးစဉ်အတွက် သတ်မှတ်ထားသောဈေးနှုန်းမှာ ရန်ကုန်မှ ပုသိမ်သို့ ၁၆၀၀၀၀ ကျပ်၊ ပုသိမ်မှ ညောင်ဦးသို့ ၁၉၀၀၀၀ကျပ်၊ မန္တလေးမှ ညောင်ဦးသို့ ၁၁၀၀၀၀ ကျပ်၊ မန္တလေးမှ ပုသိမ်သို့ ၃၆၀၀၀၀ ကျပ်သတ်မှတ်ထားပြီး ATR 72-600 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# ဒုတိယခြေစမ်းပွဲတွင်လည်း မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက ဟောင်ကောင်လက်ရွေးစင် အမျိုးသမီးအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**

FIFA International "A" Women Friendly Match ဒုတိယခြေစမ်းပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃နာရီ ၃၀မိနစ်က ရန်ကုန်မြို့ YUSC ကွင်းတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အမျိုးသမီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အမျိုးသမီး အသင်းက ဟောင်ကောင်လက်ရွေးစင်အမျိုးသမီးအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် လင်းမြင့်မို၊ ပွဲချိန် ၂၉မိနစ်တွင် စန်းသော်သော်၊ ပွဲချိန် ၈၇ မိနစ်တွင် ယုယုနိုင်၊ ပွဲချိန် (၉၀+၁) မိနစ်တွင် ဝင်းသိင်္ဂီထွန်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

မြန်မာလက်ရွေးစင်အမျိုးသမီးအသင်းသည် ဟောင်ကောင်လက်ရွေးစင်အမျိုးသမီးအသင်း ပထမခြေစမ်းပွဲတွင်လည်း လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို၊ ယခု ဒုတိယခြေစမ်းပွဲတွင်လည်း လေးဂိုး၊ တစ်ဂိုးဖြင့် နိုင်ပွဲရယူနိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခု ခြေစမ်းပွဲများကစားပြီးနောက် ပြည်ပနိုင်ငံများသို့လည်း လေ့ကျင့်ရေးခြေစမ်းခရီးစဉ်များ သွားရောက်ကစားရန် စီစဉ်ထားလျက်ရှိသည်။

**(NGB)**